# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လကွယ်၊ ကြာသပတေးနေ့။ Thursday, 14 September 2023 ၁၁၂၁၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# အမရပူရမြို့နယ်၌ ဆန်တစ်ပြည်၊ ဆီ ၅ဝ ကျပ်သားနှင့် ကြက်ဥ ၁ဝ လုံးတို့ကို ငွေကျပ် ၇၅ဝဝ ဖြင့် ရောင်းချပေး

**မန္တလေး စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး(အသင်းခွဲ)နှင့် မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာတွင် ဆန်၊ ဆီနှင့် ကြက်ဥများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ငွေကျပ် ၇၅ဝဝ ဖြင့် ရောင်းချပေး**

အဆိုပါ ရောင်းချမှုတွင် တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီ ၅ဝ ကျပ်သား၊ ကြက်ဥ ၁ဝ လုံး ပေါင်းသုံးမျိုးကို ငွေကျပ် ၇၅ဝဝ ဖြင့် ရောင်းချပေးခဲ့ကြောင်း ဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး(အသင်းခွဲ)မှ တွဲဖက်အတွင်းရေးမှူး ဦးလပြည့်က ပြောသည်။

"သုံးမျိုးတစ်တွဲကို ငွေကျပ် ၇၅ဝဝ ပါ။ အခြေခံလူတန်းစားများ ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူစားသုံးနိုင်အောင် ရောင်းချပေးတာဖြစ်ပါတယ်။ ညနေပိုင်းမှာ ယဉ်တော်ရပ်ကွက်ဘက်သွားပြီး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍




## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီးနောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ယနေ့ ဖတ်စရာ

**အသေးစား၊ အငယ်စား၊ အလတ်စား MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ရင်းနှီးငွေများ ရရှိရေး ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ » ၃

**မြန်မာနိုင်ငံ၏ သဘာဝရေပြင်မှ ဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းနှင့် မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့ရေးဆိုင်ရာ SPS သဘောတူစာချုပ်များ ချုပ်ဆိုမည်**

စာမျက်နှာ » ၄




**အိုဇုန်းလွှာနှင့် အိုဇုန်းလွှာထိန်းသိမ်းရေး အကြောင်း သိကောင်းစရာ**

ဆောင်းပါး စာမျက်နှာ » ၈



**လူငယ်များ ဗလငါးတန်ပြည့်ဝဖို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်စို့**

ဆောင်းပါး စာမျက်နှာ » ၁၆

ကြေးမုံ

# ဆက်သွယ်ရေးအသုံးပြု လိမ်လည်မှုသတိပြု

ကမ္ဘာပေါ်တွင် ဆက်သွယ်ရေးနည်းပညာများ အလျင်အမြန်တိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံတွင်လည်း ဆက်သွယ်ရေးကွန်ရက်ကို တည်ထောင်အသုံးပြုနိုင်ကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုရန်၊ ဖွံ့ဖြိုးတိုးတက်လာသည့် ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပမှ အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများကို ဝန်ဆောင်မှုပေးနိုင်စေရန်၊ အများပြည်သူဆက်သွယ်အသုံးပြုနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်၊ လုပ်ကိုင်သူတို့နှင့် အသုံးပြုသူတို့အား အကာအကွယ်ပေးနိုင်ရန်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူလုံခြုံရေးအတွက် ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံနှင့် ပြည်သူအကျိုးစီးပွားအတွက် ခေတ်နှင့်အညီဆောင်ရွက်နိုင်ရန် တည်ဆောက်ပေးထားသော ဆက်သွယ်ရေးကွန်ရက်များ၏ အကျိုးပြုမှုများကို အသုံးချ၍ မသမာသူတို့က ဥပဒေနှင့်မညီသည့် အကျိုးစီးပွားရှာဖွေမှုများပြုလုပ်လာကြသည်။ ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ လူမှုကွန်ရက်အွန်လိုင်းပေါ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ မဟုတ်မမှန်သတင်းများ၊ သွေးထိုးလှုံ့ဆော်မှုများ၊ အမုန်းစကားများ၊ လိမ်လည်လှည့်ဖြားမှုများ တိုးပွားနေသည်ကို သတိပြုကြရမည်ဖြစ်သည်။ ဆက်သွယ်ရေးနည်းပညာထွန်းကားလာသောအခါ ကျယ်ပြန့်နက်နဲမှုအတိုင်းအတာအရ အရေးယူကိုင်တွယ်မှုအပိုင်းတွင် စိန်ခေါ်မှုများရှိနေသည်။

ဆက်သွယ်ရေးနည်းပညာကိုအသုံးချ၍ ပြည်တွင်း၌ ဥပဒေနှင့်မညီသည့် ဆောင်ရွက်မှုများရှိနေသည့်အပြင် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ နိုင်ငံဖြတ်ကျော်မှုခင်းများအထိ ရှိလာသည်ကို တွေ့ရသည်။ အထူးသဖြင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးပြု၍ လိမ်လည်လှည့်ဖြားမှု၊ လူကုန်ကူးမှု၊ လောင်းကစားမှုများ ကျယ်ပြန့်လာသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အွန်လိုင်းပေါ်၌ အသရေဖျက်မှု ၂၄၈၅ မှု၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အွန်လိုင်းပေါ်၌ လိမ်လည်မှု ၅၂၆ မှု ဖြစ်ပွားခဲ့သည်။ မျက်မှောက်ကာလတွင် စီးပွားရေးလုပ်ကိုင်ကြရာ၌ အွန်လိုင်းကိုအဓိကအားပြုအသုံးချကြသည်။ အကျိုးရှိထိရောက်မှုရှိသဖြင့် တွင်ကျယ်စွာအသုံးပြုလာကြသည်။

အွန်လိုင်းပေါ်တွင် ရိုးသားစွာလုပ်ကိုင်ကြသူများရှိသလို မရိုးမသားလုပ်ကိုင်ကြသူများလည်းရှိသည်။ လူတို့၏မက်မောမှုတဏှာအရ လိုချင်တပ်မက်စိတ်သည် ရှေ့ဆောင်နေသည်။ လူတို့၏သဘာဝနှင့်တပ်မက်မှုတို့ကို အခွင့်ကောင်းယူ၍ အွန်လိုင်းပေါ်မှ လိမ်လည်မှုများစွာ ပေါ်ထွက်လာသည်။ ကုန်ပစ္စည်းအရည်အသွေးအာမခံချက်ကို မျက်မြင်ကိုယ်တွေ့မသိရှိနိုင်ဘဲ အွန်လိုင်းပေါ်တွင်တွေ့ရှိရုံဖြင့် ချက်ချင်းမှာယူမိပြီး ဆုံးရှုံးမှုများနှင့်ကြုံတွေ့ရသူ အမြောက်အမြားရှိသည်။ မသမာသူစီးပွားရေးသမားများက လူတို့၏အားနည်းချက်ကိုအသုံးချ၍ တစ်ချီတည်းနှင့် အလုပ်ဖြစ်သွားကြသူများရှိသည်။

ယခုအခါ ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ လောင်းကစားမှုများ ကျယ်ပြန့်လာသည်။ မြန်မာနိုင်ငံ အရှေ့ဘက်နယ်စပ်ဒေသများတွင် လောင်းကစားမှုများကို တရုတ်-မြန်မာ-ထိုင်း သုံးနိုင်ငံပူးပေါင်းနှိမ်နင်းဆောင်ရွက်မှုများပြုလုပ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ နှိမ်နင်းတိုက်ဖျက်ရန်အတွက် နှစ်နိုင်ငံသဘောတူညီမှုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆက်သွယ်ရေးလိမ်လည်မှုများသည် မြန်မာနိုင်ငံ၏ ပုံရိပ်ကိုထိခိုက်စေပြီး ပြည်တွင်း၊ ပြည်ပမှ ပြည်သူများ စိုးရိမ်ပူပန်မှုကို ဖြစ်စေသည်။ ထို့ကြောင့် ဆက်သွယ်ရေးလိမ်လည်မှုများကို ထိရောက်စွာတိုက်ဖျက်နိုင်ရန်အတွက် နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်သလို အားလုံးပါဝင်လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးလိမ်လည်မှုများနှင့် လောင်းကစားမှုများ တိုက်ဖျက်ရာတွင် ပြတ်သားသောရပ်တည်ချက်ဖြင့် အိမ်နီးချင်း တရုတ်၊ ထိုင်း၊ လာအိုနိုင်ငံများနှင့်အတူ ထိထိရောက်ရောက်လက်တွဲဆောင်ရွက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့်အတူ နောက်ဆက်တွဲ တိုက်ဖျက်နှိမ်နင်းရေး လှုပ်ရှားမှုများကို ညှိနှိုင်းဆောင်ရွက်ပြီး ပုံမှန်ဆောင်ရွက်ရေးယန္တရားထူထောင်ရန်လည်း သဘောတူညီထားသည်။ ဆက်သွယ်ရေးလိမ်လည်မှုများ၊ လောင်းကစားမှုများနှင့်ဆက်နွှယ်သည့်ရာဇဝတ်မှုများကို နှစ်နိုင်ငံပြည်သူများ၏ လုံခြုံရေးနှင့် အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးအတွက် အလေးထားဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်သူများအနေဖြင့် အွန်လိုင်းပေါ်မှ လိမ်ညာလှည့်ဖြားမှုများ၊ လောင်းကစားမှုများကို သတိပြုရှောင်ရှားရန်လိုအပ်ပြီး ဆောင်ရွက်မိမည်ဆိုပါက ဥပဒေနှင့်ငြိစွန်းကာ အရေးယူခံရနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ ယခုအခါ ဆက်သွယ်ရေးနည်းပညာကို အသုံးချပြီး လိမ်လည်မှုများ၊ လောင်းကစားမှုများကို ထိထိရောက်ရောက် တိုက်ဖျက်နေပြီဖြစ်၍ ဆက်သွယ်ရေးနည်းပညာကို မမှန်ကန်သောနည်းလမ်းဖြင့် အသုံးမချရန်နှင့် မသိနားမလည်၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ မပါဝင်မိစေရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညွန့်ဝင်းဦးဆောင်၍ သာကေတမြို့နယ် ရဲတပ်ဖွဲ့က သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီရဲစခန်းမှ စခန်းမှူး ရဲအုပ် စည်သူအောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၅၃/၆) ရှိ အင်ဘိုတောင်ဓမ္မသုခတောရ ကမ္မဋ္ဌာန်းကျောင်းဝင်းနှင့် ဘုရားစေတီပတ်ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။

ကျော်ကျော်(ပြန်/ဆက်)



## အလုံမြို့နယ်၌ ဆန်၊ ဆီများ သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းချ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များ၊ ဆန်စပါးကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဆင်မင်းရပ်ကွက်ရှိ တိုးတက်အောင်ဆန်၊ ဆီရောင်းဝယ်ရေးက ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် လူတစ်ဦးလျှင် နှစ်ပြည်နှုန်း စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီမှစ၍ လွတ်လပ်စွာရောင်းချပေးခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီမှစ၍ ငုဝါလမ်းနှင့် သမားတော်လမ်းထောင့်ရှိ တိုင်းရင်းဆေးခန်းရှေ့တွင် ဆီတစ်ပိဿာလျှင် ငွေကျပ် ၄၄၁၀ ဖြင့် လူတစ်ဦးလျှင် တစ်ပိဿာနှုန်း ဆီပိဿာချိန်ငါးရာကျော် ရောင်းချပေးခဲ့သည်။



ထိုနေ့မှာပင် စောရန်ပိုင်အနောက်ရပ်ကွက် နွယ်နီလမ်းတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၄၀၀ ဖြင့် ပိဿာသုံးရာကျော် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာနေရာများသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကြီးကြပ်ကူညီဆောင်ရွက်ပေးကြကြောင်းသိရသည်။

မောင်မောင်(လှျပ်စစ်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၂၄ | ၂၁၆,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၂,၀၆၅ | ၆,၂၂၁,၈၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၂၀ | ၁၄၈,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၄,၆၁၁ | ၇,၈၃၈,၇၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၃၀၀ | ၂,၃၀၀ | ၁,၅၅၅ | ၃,၄၉၂,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၆ | ၇၈,၄၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၁,၈၉၁ | ၃,၃၅၃,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဗန်းမော်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များထံ ဆန်၊ ဆီများ လှူဒါန်း



ဗန်းမော် စက်တင်ဘာ ၁၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဗန်းမော်မြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များထံ ဆန်၊ ဆီနှင့် အလှူငွေများ လှူဒါန်းသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ သီရိမင်္ဂလာကန်ဦးစာသင်တိုက်သို့ သွားရောက်၍ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကန်ဦး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသဝ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးနှင့်ဇနီး၊ ဗန်းမော်တပ်နယ်မှူးတို့က ဆရာတော်၊ သံဃာတော်များထံ ဆန် ၁၅ အိတ်၊ ဆီ ငါးပုံးနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗန်းဗော်မြို့ ညောင်ပင်ရပ်ကွက်ရှိ မြသီတာဥယျာဉ်ရိပ်သာ အစည်းအဝေးခန်းမ၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဗန်းမော်မြို့နယ်အတွင်း ခရစ်ယာန်ဘာသာရေးအဖွဲ့များမှ ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးရရှိရေး၊ ဘာသာရေးအသင်းအဖွဲ့များမှ ဆရာတော်၊ သိက္ခာတော်ရ ဆရာများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းနှင့် ဘာသာရေးဆိုင်ရာလိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံးနှင့် အကောင်းဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ သိက္ခာတော်ရဆရာများနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်ကလိုအပ်သည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ဆောင်နိုင်ရေး ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားတက်ရောက်လာကြသည့် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၊ ကက်သလစ် အသင်းတော်၊ တရုတ်နှစ်ခြင်း အသင်းတော်၊ ကရင် နှစ်ခြင်းအသင်းတော်၊ ယေဟောဝါနှစ်ခြင်း အသင်းတော်၊ နှစ်ခြင်း(မူရင်း) အသင်းတော်၊ ဖိန်တာမန်တာ အသင်းတော်၊ ဇဝံဂေလိအသင်းတော်၊ လီဆူနှစ်ခြင်းအသင်းတော်နှင့် ချင်းနှစ်ခြင်း အသင်းတော်တို့အတွက် ဆန်အိတ် ၃၀၊ ဆီ ၁၀ပုံးနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့ပြင် ယမန်နေ့ ညနေပိုင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် အဆိုပါအစည်းအဝေးခန်းမ၌ ဗန်းမော်ခရိုင် မနောကွင်း၊ မုခ်ဦး၊ မနောတိုင်၊ မနောရင်ပြင်သစ်ဖွင့်ပွဲနှင့် (အင်လုံအင်နန်ရှား)ကောက်သစ်စားရိုးရာ ဆွတ်မနောပွဲတော်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်ကချင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းဝင်များနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဗန်းမော်ကချင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးဖော်လူလဝမ်နှင့် တာဝန်ရှိသူများက လိုအပ်ချက်နှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က အစိုးရအဖွဲ့က မနောကွင်း တည်ဆောက်ရေးကူညီ ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် ဖွင့်ပွဲကျင်းပမည့်ကိစ္စရပ်များကို ဖြည့်စွက်ရှင်းလင်းပြောကြား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသေးစား၊ အငယ်စား၊ အလတ်စား MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ရင်းနှီးငွေများရရှိရေး ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာမှသာ နိုင်ငံ့စီးပွားဖွံ့ဖြိုးလာမည်ဖြစ်၍ ပြည်တွင်းအသေးစား ကုန်ထုတ်လုပ်ငန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ရင်းနှီးငွေများရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်စေရန်နှင့် ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်လာနိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်ပြီး **“အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း”**များကို ရုံးချုပ်၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၌ ကျေးရွာ ၁၅၅ ရွာကို ရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှန်တကယ်လုပ်ငန်းထူထောင်လိုပြီး မတည်ရင်းနှီးငွေ အခက်အခဲရှိသူ၊ ရိုးသားကြိုးစားပြီး သစ္စာရှိသူ၊ ကျေးရွာလူထုအပေါ် စေတနာထားနိုင်သူကို ရွေးချယ်ပြီး နည်းပညာပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်း၊ ခေတ်ခွဲစမ်းသပ်ပေးခြင်း၊ M&E လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်း၏ Process တစ်ခုလုံး လုပ်ကိုင်နိုင်သည်အထိ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းအနေဖြင့် ကျေးရွာတစ်ရွာတွင် လုပ်ငန်းထူထောင်လိုသူငါးဦး ရွေးချယ်ထူထောင်ပေးခြင်းဖြစ်၍ စီမံကိန်းပြီးမြောက်သည့်အခါ တစ်နိုင်ငံလုံးအတိုင်းအတာအရ အသေးစား ကုန်ထုတ်လုပ်ငန်းရှင် ၇၇၅ ဦးကို လုပ်ငန်းများ ထူထောင်ပေးနိုင်မည်ဖြစ်သည့်အတွက် စီမံကိန်းကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစား စက်မှုလက်မှုလုပ်ငန်းများ၊ သင်တန်းများ၊ စီမံကိန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးများက မိမိတို့တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြကာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက အသေးစား စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များသုံးသပ်ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြပြီး ဆက်စပ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဦးစီးဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ ရှေ့ဖုံးမှ

ရောင်းချခဲ့တာကြောင့် ဒီနေ့နှစ်နေရာမှာ ရောင်းချခဲ့တာက တစ်ပြည်ပါဆန်အိတ်ပေါင်း ၃၀၀၀ ကျော်၊ ၅၀ သားဆီဘူးပေါင်း ၄၄၀၀၊ ကြက်ဥအလုံးရေ ၉၀၀၀ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး(အသင်းခွဲ)အနေဖြင့် ဩဂုတ် ၁၃ ရက်မှ စတင်၍ဆန်များကိုသက်သာသောနှုန်းထားဖြင့် ရောင်းချပေးခဲ့ရာ ယနေ့ထိ ၂၄ ပြည်ပါ ဆန်အိတ်ပေါင်း ၄၉၈၅ အိတ်ရောင်းချပေးပြီးဖြစ်ကြောင်း၊ဆန်နှင့်အတူ ဆီနှင့် ကြက်ဥများကို သက်ဆိုင်ရာတို့နှင့်ဆက်သွယ်စီစဉ်၍ ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုရောင်းချရာသို့ လာရောက်ဝယ်ယူသူ ဒေါ်ခင်ထွေးက “မနက်စောစောကတည်းက လာပြီးတန်းစီတာပါ။ခုရောင်းချပေးတဲ့ ဈေးနှုန်းတွေက အပြင်ဈေးတွေထက် သက်သာလို့ကျွန်မတို့ အဆင်ပြေတာပေါ့။ အဓိကလိုအပ်တာကလည်း ဆန်၊ ဆီပဲ။ ဒါကို ဈေးချိုချိုနဲ့ရတဲ့အတွက် အားလုံးက ကျေးဇူးတင်နေကြတာပါ”ဟု ပြောသည်။

ဆန်စပါးကုန်သည်များအသင်း (မန္တလေးအသင်းခွဲ)အနေဖြင့် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်းကာ မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိရပ်ကွက်များသို့ သွားရောက်ပြီး အခြေခံလူတန်းစားများအား ဆန်နှင့် ဆီများအပြင် ကြက်ဥ၊ ဘဲဥများသက်သာသောနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များနှင့်တွေ့ဆုံ၊ လွိုင်ကော်မြို့တွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြည့်ရှု



လွိုင်ကော် စက်တင်ဘာ ၁၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင် သိန်း၊ ကယားပြည်နယ် ဝန်ကြီး ချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိ သူများသည် ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပ သည့် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြ သည်။

ရှေးဦးစွာ နိုင်ငံတော် စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည် ချက် (၉)ရပ်နှင့်အညီ တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ တရား ဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးရရှိ ရေးအပြင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေး၊ လူငယ်မျိုးဆက် သစ်များ ဗလငါးတန်နှင့် ပြည့်စုံစေ ရေးနှင့်ဘာသာရေးဆိုင်ရာ လိုအပ် ချက်များအတွက် ညီညီညွတ် ညွတ် ပူးပေါင်းဆောင်ရွက်ပေး ကြရန် လိုအပ်ကြောင်း၊ ဘာသာရေး အသင်းအဖွဲ့ ခေါင်းဆောင်များ အနေဖြင့် အခက်အခဲများ၊ လိုအပ် ချက်များနှင့် ဒေသတည်ငြိမ်အေး ချမ်းရေးအတွက် ကောင်းမွန် သည့်အကြံပြုချက်များကို ရင်း နှီးစွာ ဆွေးနွေးပေးကြစေလို ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် က ဒေသအတွင်း တည်ငြိမ်အေး ချမ်းရေးနှင့် ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်သူများ ၏အားဖြင့် ပူးပေါင်းဆောင်ရွက် မည့်အခြေအနေများ၊ ဘာသာ ပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး အဖွဲ့လုပ်ငန်းများ ပုံမှန်ဆောင်ရွက် နိုင်ရေး ပံ့ပိုးဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် ဘာသာရေး အသင်းအဖွဲ့ ၁၁ ဖွဲ့မှ ခေါင်း ဆောင်များက ဘာသာအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လိုအပ်ချက် များကို ဆွေးနွေးတင်ပြခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဘာသာရေး အသင်းအဖွဲ့များ အတွက် ထောက်ပံ့ငွေများ ပေးအပ် ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်က ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များ၏ တင်ပြချက် များအပေါ် ဖြည့်စွက်ဆွေးနွေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဘာသာရေး ခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားခဲ့ သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် လွိုင်ကော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိသည့် အခြေ အနေများ၊ ပြည်သူများ အပန်း ဖြေစရာ အဓိကနေရာတစ်ခုဖြစ် သော နောင်ယားကန်သာ သန့်ရှင်း သာယာလှပရေးအတွက် ဆောင် ရွက်ထားရှိသည့် အခြေအနေများ ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် သီရိမင်္ဂလာဗဟိုဈေးကြီးသို့ သွားရောက်၍ ဆန်၊ အသား၊ ငါး၊ ပဲအမျိုးမျိုး၊ အခြေခံစားသောက် ကုန်များ၊ လူသုံးကုန်ပစ္စည်းအမျိုး မျိုးတို့ ရောင်းချနေမှုများကို လှည့် လည်ကြည့်ရှုပြီး ဈေးဝယ်ပြည်သူ များနှင့် ဈေးရောင်းချသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေး စကားပြောကြားသည်။

ယင်းနောက် သီရိမင်္ဂလာ ဗဟိုဈေးကြီး ဈေးရုံးခန်းမ၌ ဈေးကော်မတီဝင်များ၊ ဈေးအကျိုး တော်ဆောင်များ၊ ဈေးသူ ဈေးသားများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က လုံခြုံရေး အခြေအနေအရ ဖွင့်လှစ်နိုင်ခြင်း မရှိသည့် ဈေးဆိုင်ခန်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးမှု အခြေအနေများနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းဆွေးနွေး ကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဈေးအတွင်း ဆောင်ရွက်နေသည့် ဈေးရုံနှစ်ရုံ အသစ်တည်ဆောက်ခြင်း၊ အသား/ ငါး၊ ယင်လုံဈေးရုံ တည်ဆောက် ခြင်းနှင့် ဈေးရုံ ၁၂ ရုံ အမိုးပြုပြင် ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် သီရိမင်္ဂလာတောင် တော် (တောင်ကွဲစေတီ)သို့ သွား ရောက်ဖူးမြော်ကြည်ညို၍ အလှူ ငွေများ ပေးအပ်လှူဒါန်းရာ ဂေါပက အဖွဲ့များက လက်ခံရယူကြသည်။ ယင်းနောက် သီရိရတနာဓမ္မာရုံ အဘယမုဒြာဂန္ဓကုဋိတိုက် တည် ဆောက်နေမှုများကို ကြည့်ရှုစစ် ဆေး၍ လိုအပ်သည်များကို ပေါင်း စပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**



တာချီလိတ်မြို့၌ ကောဒသမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန် ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဘောဘုတ် စိုက်ထူခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက တာချီလိတ် လေဆိပ်ဝင်းတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သူရဇော်လွင်စိုးနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်လန်မြို့ နယ်မြေရဲစခန်းမှူး ရဲအုပ်ရဲညွန့် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် နမ့်လန်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေး လှူဒါန်းစဉ်။ ၂၁၀

# မြန်မာနိုင်ငံ၏ သဘာဝရေပြင်မှ ဖမ်းဆီးရရှိသည့် ရေထွက်ကုန်ပစ္စည်းနှင့် မွေးမြူရေး ရေထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့ရေးဆိုင်ရာ SPS သဘောတူစာချုပ်များချုပ်ဆိုမည်



ရန်ကုန် စက်တင်ဘာ ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ တွင် ကျင်းပမည့် ခေတ်သစ် ပိုးလမ်းမကြီးဖော်ဆောင်မှု (Belt and Road Initiative – BRI)တွင် ပါဝင်သည့် နိုင်ငံများအတွက် သွင်းကုန်နှင့်ပို့ကုန် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မှု ညီလာခံနှင့် တရုတ်–အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာ သွားသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင် သော မြန်မာကိုယ်စားလှယ် အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြ သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင် ၍ စီမံကိန်းဦးစီးဌာနနှင့် မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ ပါဝင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ သည် စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိကျင်းပမည့် ခေတ်သစ် ပိုးလမ်းမကြီးဖော်ဆောင်မှု (Belt and Road Initiative – BRI) တွင်ပါဝင်သည့် နိုင်ငံများအတွက် သွင်းကုန်နှင့်ပို့ကုန် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မှုညီလာခံနှင့် တရုတ်–အာဆီယံ ကုန်စည်ပြပွဲများသို့ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက် ကြမည်ဖြစ်ပြီး ညီလာခံတွင် မြန်မာနိုင်ငံ၏ သဘာဝရေပြင်မှ ဖမ်းဆီးရရှိသည့် ရေထွက်ကုန် ပစ္စည်းနှင့် မွေးမြူရေးရေထွက် ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တင်ပို့ရေးဆိုင်ရာ SPS သဘော တူစာချုပ်များ ချုပ်ဆိုမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ချင်းပြည်နယ် ပလက်ဝမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ



ပလက်ဝ စက်တင်ဘာ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်သည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက ပလက်ဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

### ဒေသဝမ်းစာဖူလုံ ပိုလျှံအောင်ဆောင်ရွက်

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က ဒေသတည်ငြိမ်အေးချမ်းရေးသည် အဓိကကျကြောင်း၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရန် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်သည် အရေးအကြီးဆုံးဖြစ်ပါကြောင်း ၊ မိမိတို့အချင်းချင်း ချစ်ခင်ရင်းနှီးစွာ နေထိုင်ကြရန် လိုအပ်ပါကြောင်း၊ ပလက်ဝခရိုင်သည် စိုက်ပျိုးရေး၊ မွေးမြူရေး အလားအလာကောင်းသည့် ဒေသဖြစ်၍ ဒေသဝမ်းစာဖူလုံရုံသာမက ပိုလျှံအောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ရှိ ခရိုင် ခြောက်ခုအနက် ပလက်ဝခရိုင်သည် လူဦးရေ တစ်သိန်းကျော်ဖြင့် လူဦးရေအများဆုံးနေထိုင်ရာ ဒေသတစ်ခုဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုရာခိုင်နှုန်း အများဆုံးခရိုင်ဖြစ်ပြီး စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတစ်ခု အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ပြည်သူအများအပြား အသိပညာမြင့်မားရေးသည် ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျောင်းသင်ပညာရေးနှင့် ကျောင်း ပြင်ပပညာရေး နှစ်မျိုးစလုံးဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပလက်ဝခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပလက်ဝမြို့နယ် ခုတင်(၁၀၀)ဆေးရုံ အဆင့်တိုးမြှင့်ပေးရန်၊ ဆရာဝန်အင်အားဖြည့်တင်းပေးရန်၊ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရေးနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ပေးရေးကိုလည်းကောင်း၊ မြို့မိမြို့ဖ ဦးဇာနီနှင့် ဦးစနီအောင်တို့က ကျောက်တော်- ပလက်ဝရေကြောင်းလမ်း တစ်ရက်ခြားပုံမှန် သင်္ဘောပြေးဆွဲခွင့် ပြုပေးရန်၊ ပလက်ဝ-ဆမီး ကားလမ်းအား ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်၊ မြို့နယ်ခန်းမဆောင် တည်ဆောက်ပေးရန် တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်တို့က လက်ဆောင်ပစ္စည်းများပေးအပ်ရာ ပလက်ဝမြို့မိမြို့ဖ ဦးဇာနီ၊ ဦးစနီအောင်၊ ဦးခိုင်ငိုင်းတို့က လက်ခံရယူကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံစစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဧရာဝတီတိုင်းဒေသကြီးတွင် မြစ်ကမ်းပါးနိမ့်ကျမှု ကာကွယ်ရေးလုပ်ငန်းကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးရှိ ကန်ကြီးထောင့် မူလတန်းကြိုကျောင်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုပြီး ကလေးငယ်များနှင့် သင့်လျော်ကောင်းမွန်မည့်ကျောင်း အဆောက်အအုံ ဒီဇိုင်းပုံစံဖြင့် တည်ဆောက်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မအူပင်ခရိုင် ညောင်တုန်းမြို့ အမှတ်(၃) ရပ်ကွက် (၁၄)လမ်းနှင့် (၁၆) လမ်းအကြားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မြစ်ကမ်းပါးနိမ့်ကျမှု ကာကွယ်ရေးလုပ်ငန်း၊ Bored Pile အခြေပြုကျောက်စီမြေထိန်းတမံ အလျားပေ ၈၀၀ ဆောက်လုပ်ခြင်း လုပ်ငန်းကို ကြည့်ရှုပြီး ရန်ပုံငွေကို ထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် လုပ်ငန်းစီမံချက်ကာလအတွင်း အရည်အသွေး ပြည့်မီစွာနှင့် အချိန်မီပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမျိုးသမီးကလေးများ သင်တန်းကျောင်း(ထောက်ကြန့်)သို့ရောက်ရှိပြီး အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ ကျောင်းသူများ ကျောင်းပြင်ပပညာရေး သင်ကြားနေမှုနှင့် အသက်မွေးပညာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်ဦးဆောင်သည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ရန် ယနေ့တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်တွန်ကျေးရွာအုပ်စု မရမ်းတောင်(အောက်) ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။




ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော် ကုသရေးဦးစီးဌာန နယ်လှည့် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျောင်းသူလေးများအား သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် နေပြည်တော် ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက မရမ်းတောင် (အောက်) ကျေးရွာအတွင်းလမ်း ပြုပြင်ပေးနိုင်ရေးအတွက် တိုင်းတာခြင်းတို့ကို ဆောင်ရွက်ကြသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက မရမ်းတောင် (အောက်)ကျေးရွာအထိ ကွန်ကရစ်လမ်းခင်းပေးရေးနှင့် မရမ်းတောင် (အထက်) ကျေးရွာသွားလမ်း မြေသားလမ်း ဖောက်လုပ်ပေး နိုင်ရေး တိုင်းတာခြင်းများ ဆောင်ရွက်ကြပြီး ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် (၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

### အသိပညာပေးဆွေးနွေး

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် နေပြည်တော် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေ တို့သည် မရမ်းတောင်(အောက်)ကျေးရွာရှိ သီရိမင်္ဂလာကျောင်းတိုက် ဓမ္မာရုံ၌ ဒေသခံတိုင်းရင်းသားလူငယ်များနှင့်တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စုတွင် စက်မှုဇုန်လျာထားမြေနေရာ ကွင်းဆင်းကြည့်ရှု



လားရှိုး စက်တင်ဘာ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ခေးနင်းကျေးရွာအုပ်စုတွင် စက်မှုဇုန်လျာထားမြေနေရာများကို ကွင်းဆင်းကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် လားရှိုးမြို့ သူနာပြုသားဖွားသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ သူနာပြုသားဖွားသင်တန်းကျောင်းအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့က ထောက်ပံ့ငွေများပေးအပ်ရာ သူနာပြုသားဖွားသင်တန်း ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

**စားသောက်ဖွယ်ရာများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အဖွဲ့သည် လားရှိုးမြို့ ပြည်သူ့ဆေးရုံရှိ ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော ကလေးများအား အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်တို့က ဆေးရုံအတွက် ထောက်ပံ့ငွေပေးအပ်ရာ လားရှိုးဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက လက်ခံရယူပြီး အမျိုးသမီးဆောင်၌ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အဖွဲ့သည် လားရှိုးမြို့ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ လားရှိုးမြို့ မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဇာတအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လားရှိုးမြို့ ပင်မ "ဝ"နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ "ဝ"နှစ်ခြင်း ခရစ်ယာန်အသင်းသား အသင်းသူများနှင့် တွေ့ဆုံရာ "ဝ" နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဦးဂျယ်ဆင်က ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က "ဝ" နှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ အလှူငွေများပေးအပ်ရာ အသင်းတော်သင်းအုပ်ဆရာတော် သိက္ခာတော်ရ ဆရာ ဦးကျော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး မေတ္တာပို့သခြင်းနှင့် ကောင်းချီးမင်္ဂလာပေးကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



နေပြည်တော် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် နေပြည်တော်ကောင်စီ လူငယ်ရေးရာ ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၊ နေပြည်တော် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ၊ နေပြည်တော် မသန်စွမ်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးပြီး ဗလငါးတန်နှင့် ပြည့်စုံစေရေး လူငယ်ကဏ္ဍကို တိုးတက်ရန် ဆောင်ရွက်ရာတွင် ကော်မတီအဖွဲ့ဝင် အားလုံး သက်ဆိုင်ရာ ကဏ္ဍများမှ ဟန်ချက်ညီညီဖြင့် ပေါင်းစပ်ညှိနှိုင်း လုပ်ကိုင်ကြရမည် ဖြစ်ကြောင်း၊ လူငယ်ရေးရာကဏ္ဍကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်က အထူးအလေးထား ဂရုတစိုက် ဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် နေပြည်တော်အတွင်းရှိ ကော်မတီဝင်များ အနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒများ၊ မဟာဗျူဟာ စီမံချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အထူးအလေးထားကာ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ လူငယ်ရေးရာတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက နေပြည်တော်ကောင်စီ လူငယ်ရေးရာ ကော်မတီ ဆောင်ရွက်မှု အခြေအနေများ၊ ကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများ အလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြဆွေးနွေးမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး လူငယ်ရေးရာလုပ်ငန်းများ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ဥက္ကလာပမြို့နယ် အထက (၃) ၌ စာပေနှင့်သတင်းမီဒီယာရေးရာဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့ ပူးပေါင်းပြီး တောင်ဥက္ကလာပမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် စာပေနှင့် သတင်းမီဒီယာရေးရာများ ဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ကျောင်းသားလူငယ်များအတွက် အချိန်၏တန်ဖိုးကို အကျိုးရှိစွာ အသုံးချတတ်စေရေး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး (၃) ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်) က ကျောင်းသားလူငယ်များအတွက် ပညာဆည်းပူးရာတွင် တန်ဖိုးရှိသော အနာဂတ်လူငယ်များ ဖြစ်လာစေရေးကို အလေးပေးသင်ယူကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးအောင်ပြည့်စုံက လူမှုကွန်ရက်စာမျက်နှာများတွင် ဖြစ်ပေါ်နေသော သတင်းတု/ သတင်းမှားများနှင့်ပတ်သက်၍ သတင်းအမှန်များကို ခွဲခြားသိစေနိုင်ရန်နှင့် ကျောင်းသားလူငယ်များအကြား အဆိပ်သင့်စေမည့် စာပေများကို ရှောင်ရှားဖတ်ရှုနိုင်စေရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌက တောင်ဥက္ကလာပမြို့နယ် အထက(၃) ကျောင်းအုပ်ဆရာမကြီးထံသို့ သတင်းမီဒီယာဥပဒေစာအုပ်များနှင့် ကျောင်းစာကြည့်တိုက်အတွက် အသုံးပြုနိုင်ရန် ဂျာနယ်များကို ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အကြိမ် (၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးသို့တက်ရောက်ရန် အာဆီယံနိုင်ငံများမှ လေတပ်ဦးစီးချုပ်များရောက်ရှိ၊ နှစ်နိုင်ငံသီးခြားစီတွေ့ဆုံဆွေးနွေး၊ အစည်းအဝေးကျင်းပ၊ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်အကြိမ် (၂၀) မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (20th ASEAN Air Chiefs Conference –20th AACC ) သို့ တက်ရောက်ရန် ဘရူနိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Brig. Gen.(U)Dato Seri Pahlawan Mohammad Sharif Bin Dato Paduka Haji Ibrahim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံလေတပ်ဦးစီးချုပ် Gen. Soeung Samnang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံ လေတပ်ဦးစီးချုပ် Brig. Gen. Khamlek Sengphachanh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်နိုင်ငံလေတပ်ဦးစီးချုပ် Lt. Gen. Nguyen Van Hien ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် ယမန်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နေပြည်တော်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က အစည်းအဝေးသို့ တက်ရောက်လာသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ လေတပ်ဦးစီးချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား အဆိုပါနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ တစ်နိုင်ငံချင်းစီ လက်ခံတွေ့ဆုံ၍ အာဆီယံလေတပ်ဖွဲ့များအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လေတပ်ဦးစီးချုပ်များ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များသည်လည်း သီးခြားတွေ့ဆုံဆွေးနွေးမှုများ အပြန်အလှန် ပြုလုပ်ခဲ့ကြသည်။

**လက်ခံကျင်းပ**

ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပသည့် အကြိမ် (၂၀) မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး(20th AACC)ကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ ပတ္တမြားခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားအတည်ပြုပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးအဆက်ဆက်၏ အမှတ်တရ Short Video Clip ကို ပြသသည်။ ထို့နောက် သဘာပတိ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်က အကြိမ် (၂၀) မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဆွေးနွေးပွဲ ခေါင်းစဉ်ဖြစ်သော **“ ASEAN Air Forces’ Cooperation for Sustainable Environment”** အကြောင်းအရာအား အိမ်ရှင် မြန်မာနိုင်ငံအပါအဝင် တက်ရောက်လာသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ လေတပ်ဦးစီးချုပ်များက ဆွေးနွေးခဲ့ကြပြီး ဖိလစ်ပိုင်နိုင်ငံနှင့် စင်ကာပူနိုင်ငံ လေတပ်ဦးစီးချုပ်များက Video Message ပေးပို့၍ ပါဝင်ဆွေးနွေးကြသည်။ ထို့နောက် သီးခြားဆွေးနွေးလိုသော အချက်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အကြိမ် (၂၀) မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြသည်။

ဆက်လက်၍ သဘာပတိ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး (၂၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေးတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မည့် ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် Gen. Soeung Samnang ထံသို့ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပြီး ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ်က နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး ဆွေးနွေးညှိနှိုင်းသဘော တူညီချက်များအား အတည်ပြု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။



ညနေပိုင်းတွင် အကြိမ်(၂၀) မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (20th AACC)သို့ တက်ရောက်လာကြသည့် လေတပ်ဦးစီးချုပ်များအား ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)ရှိ ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ရာ အာဆီယံနိုင်ငံများမှ လေတပ်ဦးစီးချုပ်များ၊ တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လေတပ်ဦးစီးချုပ်များအား ခင်မင်ရင်းနှီးစွာနှုတ်ဆက်ပြီး စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်က နှုတ်ခွန်းဆက်စကား ပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ညစာကို အတူတကွ ရင်းရင်းနှီးနှီးသုံးဆောင်ခဲ့ကြပြီး ဖျော်ဖြေရေးအဖွဲ့ များက အကအလှတေးသံသာ များဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြသည်။



ထို့အပြင် အကြိမ် (၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး(20th AACC)၏ ဆက်စပ် အစည်းအဝေးတစ်ခု ဖြစ်သော (၁၀)ကြိမ်မြောက် အာဆီယံလေတပ်များ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး (10th ASEAN Air Forces Education and Training – Working Group Meeting –10th AAFET–WG ) ကို ဩဂုတ် ၇ ရက်မှ ၉ ရက်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ အာဆီယံ ၁၀ နိုင်ငံ လေတပ်များ၏ တက်ရောက်လာကြသော ကိုယ်စားလှယ်များက **“Advancing Education and Training Exchanges for Sustainable Environment Amongst ASEAN Air Forces”** အကြောင်းအရာကို ဆွေးနွေးခဲ့ကြပြီး သဘာပတိက ဆွေးနွေးပွဲ အနှစ်ချုပ်ကို ဖတ်ကြားခဲ့သည်။

(၁၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (11th AACC) ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ၂၄ ရက်က နေပြည်တော်၌ မြန်မာနိုင်ငံက ပထမအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ယခုကျင်းပသည့် အစည်းအဝေးသည် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးသို့ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ လေတပ်ဦးစီးချုပ်များ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုခဲ့ပြီး ကျောက်စာရုံစေတီတော်များနှင့် သာသနိကအဆောက်အအုံများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



**အလှူငွေများ ပေးအပ်**

ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဇနီးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လေတပ်ဦးစီးချုပ်များ၏ ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထပ်မံဖူးမြော်ကြည်ညိုခဲ့ပြီးအလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ကျောက်မျက်ရတနာပြတိုက်သို့သွားရောက်လေ့လာရာ ပြတိုက် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသခဲ့သည်။ မွန်းလွဲပိုင်းတွင် တည်းခိုရာဟိုတယ်၌ လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်း အသီးသီးတို့မှ ခင်းကျင်းပြသထားသော ရိုးရာယဉ်ကျေးမှုနှင့် အိမ်တွင်းလက်မှုလုပ်ငန်းဆိုင်ရာ ပြခန်းများသို့ သွားရောက်ပြီး စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြရာ ပြခန်းတာဝန်ခံများက သိရှိလိုသည်များအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ် အကြိုဆောင်းပါး

# အိုဇုန်းလွှာနှင့် အိုဇုန်းလွှာထိန်းသိမ်းရေးအကြောင်း သိကောင်းစရာ

ရွှေရည်ဝင်း(ဒုတိယဦးစီးမှူး)
ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန

**ကမ္ဘာ့လေထုနှင့် အိုဇုန်းလွှာ**

အိုဇုန်း ဓာတ်ငွေ့သည် အပြာရောင်ဖျော့ဖျော့ ဓာတ်ငွေ့ဖြစ်ပြီး အိုဇုန်းမော်လီကျူးတစ်ခုစီတွင် အောက်ဆီဂျင်အက်တမ်သုံးလုံး ပါဝင်သောကြောင့် ဓာတုဗေဒသင်္ကေတအနေဖြင့် “$O_3$” အဖြစ် သတ်မှတ်ပါသည်။ အိုဇုန်းဟူသော စကားလုံးသည် ဂရိစကားလုံးဖြင့် “အနံ့” ဟု အဓိပ္ပာယ်ရသည့် စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပြီး စူးရှသောအနံ့ရှိပါသည်။

ကမ္ဘာ့လေထုထဲရှိ အိုဇုန်းဓာတ်ငွေ့ ၉၀ ရာခိုင်နှုန်းခန့် ပါဝင်သော အိုဇုန်းလွှာသည် ကမ္ဘာ့မျက်နှာပြင်အထက် အမြင့် ၁၅ ကီလိုမီတာ မှ ၃၅ ကီလိုမီတာ အကြားရှိစထရာတိုစဖီးယားအလွှာခေါ် လေထု ဒုတိယအလွှာအတွင်းတွင် သဘာဝအလျောက် တည်ရှိပါသည်။ ကျန်အိုဇုန်း ၁၀ ရာခိုင်နှုန်းခန့်မှာလေထု ပထမအလွှာတွင် တည်ရှိပါသည်။




**အိုဇုန်းလွှာ(အကျိုးပြုအိုဇုန်းနှင့် အကျိုးမပြုအိုဇုန်း**

အိုဇုန်းဓာတ်ငွေ့သည် မှန်လုံအိမ်ဓာတ်ငွေ့အမျိုးအစားတစ်ခု ဖြစ်သော်လည်း အမြင့်ပိုင်းရှိ ကမ္ဘာ့လေထုဒုတိယအလွှာတွင် တည်ရှိသည့်အခါ လူ၊ သတ္တဝါနှင့် အပင်တို့အတွက် ကောင်းကျိုးပြုသဖြင့် အကျိုးပြုအိုဇုန်း (good ozone)ဖြစ်ပြီး လေထုအနိမ့်ဆုံးအပိုင်း (ပထမလေထုအလွှာ)တွင် တည်ရှိသည့် အိုဇုန်းဓာတ်ငွေ့သည် လေထုညစ်ညမ်းမှုကို ဖြစ်စေသည့် အရာတစ်ခုအဖြစ် ဆိုးကျိုးဖြစ်စေသဖြင့် အကျိုးမပြုအိုဇုန်း(bad ozone) ဖြစ်ပါသည်။

ကမ္ဘာ့လေထုအတွင်းရှိ အိုဇုန်းပမာဏသည် စုစုပေါင်းသုံးဘီလီယံမက်ထရစ်တန်ခန့် ရှိသောကြောင့် ပမာဏများစွာရှိသည်ဟု ထင်ရဖွယ်ရှိပါသည်။ သို့သော် NASA အဖွဲ့၏ လေ့လာတွေ့ရှိချက်အရ အိုဇုန်းသည် ကမ္ဘာ့လေထု၏ ၀.၀၀၀၀၆ ရာခိုင်နှုန်းမျှသာ ပါဝင်သဖြင့် အမှန်တကယ်တွင် အိုဇုန်းပမာဏသည် အံ့သြစရာကောင်းလောက်အောင် အနည်းငယ်သာ ရှိပါသည်။

အကယ်၍ လေထုဒုတိယအလွှာအတွင်းရှိ အိုဇုန်းလွှာမော်လီကျူးများ အားလုံးကို ပင်လယ်ရေမျက်နှာပြင်သို့ ဖိအားပေးဖြန့်ကြက်လိုက်ပါက အိုဇုန်းလွှာ၏ အထူသည် **၃ မီလီမီတာ** ရှိကာ ၎င်းသည် လိမ္မော်သီးတစ်လုံး၏ အခွံအထူခန့်သာ ထူပါသည်။ ယင်းပါးလွှာသော အလွှာငယ်လေးသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိအားလုံးကို အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည် အထူးသဖြင့် ခရမ်းလွန်ရောင်ခြည် (B) နှင့် (C)အများစုကို စုပ်ယူထားပြီး ကမ္ဘာမြေပေါ်သို့ကျရောက်ခြင်းမှ ကာကွယ်ပေးသည့် အငွေ့စစ်ကိရိယာသဖွယ် ဝန်ဆောင်မှုပေးသဖြင့် အကျိုးပြုအိုဇုန်း ဖြစ်ပါသည်။

**ကမ္ဘာ့လေထုအတွင်း အိုဇုန်းအပါအဝင် ဓာတ်ငွေ့ (၁၁)မျိုးပါဝင်မှုရာခိုင်နှုန်း**

| Gas | Formula | % by Volume |
|---|---|---|
| Nitrogen | $N_2$ | 78.08 |
| Oxygen | $O_2$ | 20.95 |
| Argon | Ar | 0.93 |
| Carbon Dioxide | $CO_2$ | 0.04 |
| Neon | Ne | 0.0018 |
| Helium | He | 0.00052 |
| Methane | $CH_4$ | 0.00014 |
| Krypton | Kr | 0.00011 |
| Nitrous Oxide | $N_2O$ | 0.00003 |
| Hydrogen | $H_2$ | 0.00005 |
| Ozone | $O_3$ | 0.00006 |

**ခရမ်းလွန်ရောင်ခြည် သက်ရောက်မှု**

နေရောင်ခြည်မှ ခရမ်းလွန်ရောင်ခြည် သုံးမျိုးဖြစ်သည့် ခရမ်းလွန်ရောင်ခြည် UV-C (လှိုင်းအလျား ၁၀၀ မှ ၂၈၀ နာနိုမီတာ)၊ ခရမ်းလွန်ရောင်ခြည် UV-B (လှိုင်းအလျား ၂၈၀ မှ ၃၁၅ နာနိုမီတာ) နှင့် ခရမ်းလွန်ရောင်ခြည် UV-A (လှိုင်းအလျား ၃၁၅ မှ ၄၀၀ နာနိုမီတာ)တို့ကို ထုတ်လွှတ်နိုင်ပါသည်။

စထရာတိုစဖီးယားအလွှာရှိ အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည် သုံးမျိုးအနက် သက်ရှိများအတွက် အလွန်အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည် UV-C ကို ၁၀၀ ရာခိုင်နှုန်း စုပ်ယူပြီး UV-B ကို ၉၅ ရာခိုင်နှုန်းအထိစုပ်ယူ၍ ကျန်ရှိသည့် ပမာဏအနည်းငယ်ကိုသာ ကမ္ဘာမြေပြင်သို့ကျရောက်စေပါသည်။ ခရမ်းလွန်ရောင်ခြည် UV-B သည် အလွန်အန္တရာယ်ရှိပြီး တိုက်ရိုက်ထိတွေ့ပါက **လူသားများ၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဂေဟစနစ်၊ ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် တာရှည်ခံမှု၊ ရာသီဥတု** စသည်တို့အပေါ် ပြင်းထန်သော ထိခိုက်ပျက်စီးမှုများ ဖြစ်စေနိုင်သည်။ ကောင်းကင်တွင် အိုဇုန်း တစ်ရာခိုင်နှုန်း ပျက်စီးတိုင်း ကမ္ဘာမြေပြင်ပေါ်သို့ အန္တရာယ်ရှိ ခရမ်းလွန်ရောင်ခြည် တစ်ရာခိုင်နှုန်း တိုးပွားဝင်ရောက်လျက်ရှိပါသည်။




**အိုဇုန်းအပေါက်ဖြစ်ခြင်း သို့မဟုတ် အိုဇုန်းလွှာပျက်စီးခြင်း**

အိုဇုန်းလွှာရှိ အိုဇုန်းမော်လီကျူးပါဝင်မှုပမာဏသည် ပင်လယ်ရေမျက်နှာပြင်အထက်တည်ရှိမှု အမြင့်၊ တည်နေရာလတ္တီကျု၊ ရာသီဥတု၊ လေကြောင်းပြောင်းလဲမှုနှင့် အခြားသဘာဝအချက်များအရ ကွဲပြားနိုင်သည်။ အိုဇုန်းလွှာ၏ ပျမ်းမျှအထူမှာ ၃၀၀ ဒေါ့ဘ်ဆန်ယူနစ် (၃ မီလီမီတာ)ရှိပြီး အပူပိုင်းဒေသတွင် ၂၀၀ ဒေါ့ဘ်ဆန်ယူနစ် (၂ မီလီမီတာ)ခန့်မှ အလယ်ပိုင်းလတ္တီကျုဒေသတွင် ရာသီအလိုက် အများဆုံး ၅၀၀ ဒေါ့ဘ်ဆန်ယူနစ် (၅ မီလီမီတာ)အထိ ရှိနိုင်သည် (1 DU (Dobson Unit) = 0.01 millimeter/10 nanometer)။ ၁၉၇၀ ပြည့်လွန်နှစ်များ၏ အလယ်ပိုင်းမှစ၍ အန္တာတိက နေရာများစွာရှိ နွေဦးရာသီ၏ အိုဇုန်းပမာဏသည် တဖြည်းဖြည်းကျဆင်းသွားကြောင်း သိပ္ပံပညာရှင်များက ၁၉၈၅ ခုနှစ်တွင် တွေ့ရှိခဲ့ကြပါသည်။ အန္တာတိကတိုက်ပေါ်ရှိ အိုဇုန်းလွှာ၏အထူသည် **၁၉၈၁-၁၉၈၂** တွင် ၂၂၀ ဒေါ့ဘ်ဆန်ယူနစ် အောက်သာရှိကြောင်း တွေ့ရှိခဲ့ရပြီး ထိုကဲ့သို့ အိုဇုန်းလွှာပါးလွှာမှုကို **အိုဇုန်းအပေါက်**ဖြစ်ခြင်းဟု **ပထမဆုံး** သိရှိခဲ့သည်။

အဓိကအားဖြင့် အိုဇုန်းလွှာပျက်စီးရခြင်းသည် လူသားများ၏ ခေတ်မီနေထိုင်မှုဘဝအတွက် တီထွင်အသုံးပြုလာသော ဓာတုပစ္စည်းများကြောင့်ပင် ဖြစ်သည်။ လူသားများ နေ့စဉ်အသုံးပြုလျက်ရှိသည့် ရေခဲသေတ္တာ၊ လေအေးပေးစက် စသည့် အအေးပေးပစ္စည်းများတွင် ပါဝင်သော ကလိုရင်း၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအချို့ပါဝင်သော ဘရိုမင်းနှင့် မီးသတ်ဆေးဘူးများတွင် ပါဝင်သော ဟေလွန် ဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်း (Ozone Depleting Substance – ODS) များဖြစ်ကြပြီး ယင်းဒြပ်ပစ္စည်းများသည် စထရာတိုစဖီးယားအလွှာရှိ အိုဇုန်းမော်လီကျူးကို ဓာတ်ပြုပျက်စီးစေခြင်းဖြင့် ဝင်ရိုးစွန်းဒေသရှိ အိုဇုန်းလွှာပါးလွှာ၍ အပူချိန်လျော့ကျလာကာ ခရမ်းလွန်ရောင်ခြည် UV-B ကို စုပ်ယူနိုင်မှုစွမ်းအား လျော့ကျစေခြင်းကို အိုဇုန်းလွှာပျက်စီးခြင်းဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

**အိုဇုန်းလွှာပျက်စီးရခြင်း အကြောင်းအရင်း**

အိုဇုန်းလွှာပျက်စီးစေသည့် ဓာတုပစ္စည်းအမျိုးအစားပေါင်း (၁၀၀)ကျော် ရှိကြောင်းကို သိပ္ပံပညာရှင်များက ၁၉၇၀ ပြည့်နှစ်ကာလများကတည်းက တွေ့ရှိခဲ့ကြသည်။ အဓိကအားဖြင့် လူတို့ဖန်တီးထုတ်လုပ်သော **ကလိုရင်းနှင့် ဘရိုမင်း** တို့ ပါဝင်သော ရေခဲသေတ္တာ၊ အေးခဲစက်၊ လေအေးပေးစက်၊ စပရေးဘူး၊ ရေမြှုပ် စသည့်ပစ္စည်းများကို ပိုမိုအသုံးပြုလာခြင်းကြောင့် ဖြစ်ပါသည်။ ယခုအခါတွင် မှန်လုံအိမ်ဓာတ်ငွေ့များ လေထုတွင် များပြားလာမှုကြောင့် ကမ္ဘာကြီးအား ပိုမိုပူနွေးလာစေပြီး ၎င်း၏အကျိုးဆက်အနေဖြင့် ကမ္ဘာ့ပျမ်းမျှအပူချိန် တိုးမြင့်လာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေပါသည်။ ကမ္ဘာ့ပျမ်းမျှအပူချိန်တိုးမြင့်မှုကို အန်တုနိုင်ရန်အတွက် လူသားများသည် လေအေးပေးစက်များ၊ ရေခဲသေတ္တာများကို ပိုမိုအသုံးပြုလာကြရာ အဆိုပါပစ္စည်းများမှ ကလိုရင်းနှင့် ဘရိုမင်း ဓာတုပစ္စည်းများ ထွက်ရှိလာပြီး အိုဇုန်းလွှာပျက်စီးမှုကို ပိုမိုမြန်ဆန်လာစေခဲ့ပါသည်။




**အိုဇုန်းလွှာပျက်စီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှု**

အိုဇုန်းလွှာပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့အကြား သိသာသည့် ဆက်နွယ်မှုမှာ အိုဇုန်းလွှာ ပျက်စီးစေသည့် ဒြပ်ပစ္စည်းများနှင့် မှန်လုံအိမ်ဓာတ်ငွေ့များသည် လေထုအတွင်းရှိ ဓာတ်ရောင်ခြည် ဖြာထွက်ခြင်းဖြစ်စဉ်များကို ပြောင်းလဲစေပြီး ထိုမှတစ်ဆင့် ကမ္ဘာ့လေထုပူနွေးမှုနှင့် အိုဇုန်းလွှာပျက်စီးမှုကို ပိုမိုဆိုးရွားလာစေပါသည်။ လူတို့၏ လုပ်ဆောင်မှုများကြောင့် ထွက်ရှိသည့် အကျိုးမပြုအိုဇုန်း တိုးလာသဖြင့် ရလဒ်အနေဖြင့် ထရိုပိုစဖီးယားအလွှာကို သာမန်ထက်ပူနွေးလာစေပြီး လူတို့အသုံးပြုသည့် အအေးပေးဒြပ်ပစ္စည်းများ လေထုထဲသို့ အငွေ့ပြန်ရောက်ရှိပါက မှန်လုံအိမ်အာနိသင်ရှိသည့် အိုဇုန်းမော်လီကျူးများ ပျက်စီးပြီး စထရာတို စဖီးယားအလွှာကိုမူ ပိုအေးလာစေပါသည်။ စထရာတိုစဖီးယားအလွှာတွင် ပိုမိုအေးလာခြင်းကြောင့် တိမ်များ ပိုမိုဖြစ်ထွန်းလာရာမှ ဝင်ရိုးစွန်းဒေသတွင် အိုဇုန်းလွှာပြည်လည်ဖွဲ့စည်းရန် နှေးကွေးပြီး အိုဇုန်းလွှာအပေါက်ဖြစ်ပေါ်မှု များပြားလာစေပါသည်။

သာမန်အားဖြင့် အိုဇုန်းလွှာပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုကို သိသာသောသက်ရောက်မှု ဖြစ်ပေါ်စေခြင်း မဟုတ်သော်လည်း အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းများ ဖြစ်သည့် ကလိုရိုဖလူရိုကာဗွန် -CFC၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်-HCFC များ၊ စသည့် ကလိုရင်းပါဝင်သော ဓာတ်ငွေ့များသည် ကမ္ဘာ့ပူနွေးမှုအလားအလာ (Global Warming Potential-GWP) မြင့်သည့် မှန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့များ ဖြစ်သည့်အတွက် ရာသီဥတုပြောင်းလဲမှု ပိုမိုဖြစ်ပေါ်စေရန် တွန်းအားပေးပါသည်။ ကလိုရိုဖလူရိုကာဗွန်-CFC ဓာတ်ငွေ့များသည် လေထုအတွင်း ၅၅ နှစ်မှ နှစ်ပေါင်း ၁၄၀ ခန့်အထိ တည်ရှိနိုင်ပါသည်။ ၎င်းတို့တွင်ပါဝင်သည့် ကလိုရင်းအက်တမ်တစ်လုံးသည် စထရာတိုစဖီးယားလေထုအလွှာရှိအိုဇုန်းမော်လီကျူး အရေအတွက် တစ်သိန်း(၁၀၀၀၀၀) အထိကို ဖြိုခွဲဖျက်ဆီးနိုင်ကြောင်း ဓာတုဗေဒဆိုင်ရာ သုတေသနများအရ တွေ့ရှိရသောကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဖြစ်စဉ်များသည် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်အပေါ် သက်ရောက်မှုရှိနေပါသည်။

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

## အအေးပေးဒြပ်ပစ္စည်းများ၏ အိုဇုန်းပျက်စီးမှုအလားအလာနှင့် ကမ္ဘာ့ပူနွေးမှုအလားအလာပြဇယား



Environmental Characteristics

| Refrigerant | | ODP | GWP (100 Year) |
|---|---|---|---|
| CFC (no more) | CFC-11 (Baseline ODP) | 1 | 4000 |
| | CFC-12 | 1 | 10900 |
| HCFCs | HCFC-22 | 0.055 | 1810 |
| | HCFC-123 | 0.02 | 77 |
| HFCs | HFC-134a | 0 | 1430 |
| | R-32 | 0 | 675 |
| HCs | HC-290 (Propane) | 0 | 3 |
| | R-1270 (Propylene) | - | < 2 |
| HFC Blends | R-404A | 0 | 3920 |
| | R-407A | 0 | 2110 |
| | R-407C | 0 | 1770 |
| | R-410A | 0 | 2090 |
| Ammonia | R-717 | 0 | <1 |
| CO2 | R-744 | 0 | 1 |

နောက်ပိုင်းတွင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs)များ အစားဟိုက်ဒရိုဖလူရိုကာဗွန်(HFCs)များကို အစားထိုးသုံးစွဲခဲ့ကြပါသည်။ ထိုအစားထိုးအသုံးပြုသည့် HFCs များနှင့် HFC အရောအနှောများသည် အိုဇုန်းလွှာပျက်စီးမှု ညွှန်းကိန်းမရှိသော်လည်း ကမ္ဘာ့ပူနွေးမှုအလားအလာကို တိုးမြင့်စေပါသည်။ နောက်ဆက်တွဲသက်ရောက်မှုအနေဖြင့် ကမ္ဘာ့ပူနွေးမှုတိုးမြင့်လာသောကြောင့် ရာသီဥတုပြောင်းလဲမှုများ ပိုမိုဖြစ်ပေါ်လာပြီး ဆိုးကျိုးသက်ရောက်မှုများဖြစ်သည့် အပူချိန်မြင့်မားမှုကြောင့် ရေငွေ့ပြန်နှုန်းများခြင်းနှင့် မိုးရွာသွန်းမှုနည်းခြင်းကြောင့် မိုးခေါင်ခြင်း၊ ရေချိုအရင်းအမြစ်ဆုတ်ယုတ်ခြင်း၊ မိုးရွာသွန်းမှုမမှန်ခြင်း၊ ရေကြီးခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းကြောင့် စိုက်ပျိုးမြေ၊ မြို့ပြဧရိယာများဆုံးရှုံးခြင်း၊ ဂေဟာစနစ်များ ပျက်စီးဆုံးရှုံးခြင်း၊ မြေပြိုခြင်းများဖြစ်လာပြီး မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာစေပါသည်။ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း(ODS)များနှင့် ယင်းပစ္စည်းများနေရာတွင် အစားထိုးအသုံးပြုသော ကမ္ဘာ့ပူနွေးမှုမြင့်မားစေသည့် အအေးပေးဒြပ်ပစ္စည်းများ အသုံးပြုမှု လျှော့ချရပ်ဆိုင်းခြင်းသည် အိုဇုန်းလွှာကို ကာကွယ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှု လျှော့ချရေးကိုလည်း အထောက်အကူဖြစ်ပါသည်။

**ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံ**

အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းကာကွယ်ရေးသည် သက်ရှိ၊ သက်မဲ့အားလုံးတို့အတွက် အရေးပါသည့် လုပ်ငန်းတစ်ရပ် ဖြစ်သည်နှင့်အမျှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည်လည်း ထိရောက်သည့် လုပ်ငန်းတစ်ရပ် ဖြစ်လာခဲ့ပါသည်။ အိုဇုန်းလွှာပျက်စီးလာမှုကို ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကာကွယ်နိုင်ရန်ရည်ရွယ်၍ အိုဇုန်းလွှာကာကွယ်ရေးနှင့်စပ်လျဉ်းသည့် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း(၁၉၈၅)၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်(၁၉၈၇)၊ လန်ဒန်ပြင်ဆင်ချက်(၁၉၉၀)၊ ကိုပင်ဟေဂင်ပြင်ဆင်ချက်(၁၉၉၂)၊ မွန်ထရီရယ်ပြင်ဆင်ချက်(၁၉၉၇)၊ ပေကျင်းပြင်ဆင်ချက်(၁၉၉၉)နှင့် ကီဂါလီပြင်ဆင်ချက်(၂၀၁၆)တို့ကို ချမှတ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး ဝိုင်းဝန်း ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါသည်။









ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် အိုဇုန်းလွှာသည် လူသားအားလုံးအတွက်သာမက လက်ရှိကမ္ဘာဂြိုဟ်အား သက်ရှိကမ္ဘာဂြိုဟ်အဖြစ် ဆက်လက်တည်တံ့နိုင်ရေးအတွက် အရေးကြီးသောကြောင့် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော (၄၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် လက်မှတ်ရေးထိုးသည့် စက်တင်ဘာလ ၁၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Day for the Preservation of the Ozone Layer)အဖြစ် သတ်မှတ်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကို မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများတွင် ၁၉၉၅ ခုနှစ်မှစတင်၍ ပြုလုပ်ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အစား ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ (World Ozone Day)အဖြစ် သတ်မှတ်၍ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပခဲ့ပါသည်။

အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ လူထုအသိပညာပေး လှုပ်ရှားမှုတစ်ရပ်အဖြစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားကို ၂၀၀၈ ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ပြောင်းလဲသတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပသည့်အပြင် အသိပညာပေး လူထုလှုပ်ရှားမှုများလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**အိုဇုန်းလွှာထိန်းသိမ်းကာကွယ်နိုင်ရေးအတွက်မြန်မာနိုင်ငံမှဆောင်ရွက်နေမှုများ**

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာ ပျက်စီးစေသည့် ဒြပ်ပစ္စည်းများ ထိန်းချုပ်ခြင်းဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲ စာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်တို့တွင် ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့၌ လည်းကောင်း၊ ကိုပင်ဟေဂင် ပြင်ဆင်ချက်တွင် ၂၀၀၉ ခုနှစ် မေလ ၂၂ ရက်နေ့၌လည်းကောင်း၊ မွန်ထရီရယ်ပြင်ဆင်ချက်နှင့် ပေကျင်းပြင်ဆင်ချက်တို့တွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့၌ လည်းကောင်း အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးပါဝင်ဆောင်ရွက်ခဲ့ပြီး စာချုပ်ပါ သတ်မှတ်ချက်များအတိုင်း အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ (Ozone Depleting Substances)ထုတ်လုပ်မှု၊ သုံးစွဲမှုများအား ကန့်သတ်ထိန်းချုပ်ခြင်းကို အခြားကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ဆောင်ရွက်လျက်ရှိကာ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP)၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိပါသည်။ ယခုအခါ ကမ္ဘာ့ပူနွေးမှုညွှန်းကိန်းမြင့်မားသည့် ဟိုက်ဒရိုဖလူရိုကာဗွန်များ ထုတ်လုပ်သုံးစွဲမှု လျှော့ချရေးဆိုင်ရာ ကီဂါလီပြင်ဆင်ချက် (Kigali Amendment)ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများ တင်သွင်းရာတွင် သတ်မှတ်ထားသည့် နှစ်အလိုက် သတ်မှတ်ပမာဏထက် မကျော်လွန်စေရေးအတွက် ခွဲတမ်းစနစ်ဖြင့် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခြင်းအမိန့် (Order on Imports, Exports and Consumption of Ozone Depleting Substances) ကို ၂၅-၄-၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ တင်သွင်းမည့် ကုမ္ပဏီ/လုပ်ငန်းရှင်များအား နှစ်စဉ် ခွဲတမ်းစနစ်ဖြင့် တင်သွင်းနိုင်ရန် မှတ်ပုံတင်ထုတ်ပေးခြင်း၊ ထောက်ခံချက်ပေးခြင်းတို့ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံ အမျိုးသားအိုဇုန်းယူနစ်အဖွဲ့တို့၏ သဘောတူညီချက်ဖြင့် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ကုန်စည်များ ပိုးမွှားကာကွယ်မှုနှင့် တင်ပို့ခြင်းမပြုမီ ပိုးမွှားသန့်စင်မှု (Quarantine & Pre-Shipment fumigation-QPS)အနေဖြင့် ခြွင်းချက်အဖြစ်သာ တင်သွင်းသုံးစွဲခွင့်ပြုထားသည့် မီသိုင်းဘရိုမိုက်နှင့် အိုဇုန်းလွှာ ထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများအစား အခြားအစားထိုး ဒြပ်ပစ္စည်းများ တင်သွင်းမှုကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်ထောက်ခံပေးလျက်ရှိပါသည်။

ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန် (HCFC, R22) သုံးစွဲသည့် မြင်းကောင်ရေ ၂ဒသမ၅အောက်အင်အားရှိလေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းမှုကို ရပ်ဆိုင်းရန် အမိန့်ကြော်ငြာစာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂-၄-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈/၂၀၂၀ ဖြင့် ထုတ်ပြန်နိုင်ခဲ့ပြီးဆက်လက်၍ HCFC အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အထက် အင်အားရှိ အကြီးစားစက်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းမှုကို တားမြစ်ကန့်သတ်ရန်ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအနေဖြင့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ပါ သတ်မှတ်ချက်များကို အဖွဲ့ဝင်နိုင်ငံများက လိုက်နာဆောင်ရွက်ခဲ့၍ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ အသုံးပြုခြင်းကို လျှော့ချလာနိုင်သည့်အပြင် လျှော့ချရပ်ဆိုင်းလိုက်သည့် ဒြပ်ပစ္စည်းများနေရာတွင် အစားထိုးအသုံးပြုမည့် ဒြပ်ပစ္စည်းများကို တီထွင်ကြံဆလာနိုင်ခြင်း၊ မွန်ထရီရယ်နောက်ဆက်တွဲ စာချုပ်၏ ပြင်ဆင်ချက်တစ်ရပ်ဖြစ်သော ကီဂါလီပြင်ဆင်ချက်ကို ဝင်ရောက်ပြီးပါကလည်း ရရှိလာမည့် အကျိုးကျေးဇူးများဖြစ်သည့် ဟိုက်ဒရိုဖလူရို ကာဗွန်(HFC) အသုံးပြုမှုနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းကို လျှော့ချခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို သုည ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ လျှော့ချနိုင်ခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုကိုပါ လျှော့ချနိုင်မည်ဖြစ်ပါသည်။

**အိုဇုန်းလွှာကို ထိန်းသိမ်းကာကွယ်ကြပါစို့**

မြန်မာနိုင်ငံတွင် အမျိုးသားအိုဇုန်းယူနစ်ကို ဆက်စပ်ဌာနများဖြင့် ဖွဲ့စည်းကာ အိုဇုန်းလွှာ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုမရှိသည့်အပြင် ပြည်တွင်းသုံးစွဲမှု နည်းပါးသော နိုင်ငံဖြစ်သော်လည်း မွန်ထရီရယ်သဘောတူစာချုပ်ပါ ကတိကဝတ်များနှင့်အညီ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှုကို အဆင့်ဆင့်လျှော့ချကာ အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတို့တွင် ကမ္ဘာ့နိုင်ငံများအားလုံးနှင့်အတူ တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။




သို့ဖြစ်ပါ၍ အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟာစနစ်ကို လက်ဆင့်ကမ်းနိုင်ရန် လက်ရှိမျိုးဆက်များသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပြီး ထိုသို့ လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများအပြင် အိုဇုန်းလွှာထိန်းသိမ်းခြင်း လုပ်ငန်းသည်လည်း များစွာအရေးပါလှပါသည်။ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပသော ကမ္ဘာကြီးကို ဖော်ဆောင်နိုင်စေရန်မှာ မြန်မာနိုင်ငံသားများအပါအဝင် ကမ္ဘာပေါ်ရှိ လူသားအားလုံး၏ တာဝန်ဖြစ်သည့်အပြင် အိုဇုန်းလွှာကို နောင်အနာဂတ် မျိုးဆက်များအထိ ကာကွယ်ထိန်းသိမ်းသွားခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ကျစေပြီး လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့ ဟန်ချက်ညီညီ အချင်းချင်းအကျိုးပြုနေထိုင်သွားရင်း ကောင်းမွန်လှပသော အနာဂတ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြစေရန် ရည်ရွယ်၍ **“Montreal Protocol: Fixing the Ozone Layer and Reducing Climate Change” “ရာသီဥတုပြောင်းလဲမှု လျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး”** ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။

**ကိုးကား**

- https://ozone.unep.org/treaties/ montreal-protocol
- www.epa.gov/ghgemissions/understanding- global-warming-potentials
- www.unep.org/ozonaction@unep.org
- https://www.ecd.gov.mm/
- https://www.kingspan.com/qa/en/knowledge-articles/what-is-a-blowing-agent-GWP-ODP-HCFC-free-mean/
- Wikipedia Website မှ World Ozone Day အကြောင်းသိကောင်းစရာ
- ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေထားသော အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများ ထိန်းချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများ အကြောင်းသိကောင်းစရာစာအုပ်

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အာရှနှင့်ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ အဖွဲ့ဝင်အင်ဂျင်နီယာများ လာရောက်ဖူးမြော်လေ့လာ



**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်တော်မူသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ် ဦးဆောင်သည့် အာရှနှင့် ပစိဖိတ် ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့မှ အဖွဲ့ဝင်အင်ဂျင်နီယာများ လာရောက်ဖူးမြော် လေ့လာကြသည်။

**ဗိသုကာလက်ရာများ လေ့လာ**

အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်မှ အဖွဲ့ဝင်အင်ဂျင်နီယာများသည် မြန်မာနိုင်ငံ၌ စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများ အဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇)ကြိမ်မြောက် ဂုဏ်ထူးဆောင် ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေး ပြီးမြောက်ချိန်တွင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ထားရှိမှု ဗိသုကာလက်ရာများကို လေ့လာရန်အတွက် အစီအစဉ်တစ်ရပ်အနေဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လေ့လာကြရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးဆိုင်ရာ တာဝန်ခံ အင်ဂျင်နီယာအဖွဲ့မှ တာဝန်ရှိသူများနှင့် ဘုရားကြီးစီမံခန့်ခွဲရေး အဖွဲ့ဝင်များက ကြိုဆိုကြပြီး ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ပါဠိ/ မြန်မာ၊ ပါဠိ/ရိုမန်အက္ခရာ နှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်း(အုပ် ၄၀)တို့ကို နိုင်ငံတကာ ကျမ်းစာများအတိုင်း အဆင့်မီပုံနှိပ်၍ ပြည်တွင်းပြည်ပရှိ ဗုဒ္ဓတက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျမ်းစာအုပ်များအား လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့်လည်း ထည့်ဝင်လှူဒါန်းနိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးဆိုင်ရာ တာဝန်ခံ အင်ဂျင်နီယာတစ်ဦးက ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးနှင့်ပတ်သက်သည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ဒီဇိုင်းတွက်ချက်မှု လုပ်ငန်းအဆင့်ဆင့်နှင့် စကျင်ကျောက်တုံးတော်ကြီး တွဲဆက်ရေး လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆင်းတုတော်ကြီးအား ပင့်ဆောင်ခြင်း၊ ပင့်ထောင်ပူဇော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး လေ့လာရေးအဖွဲ့များ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များက မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂမိပတိသာသနာ့ ဗိမာန်တော်ကြီး၊ သဒ္ဓါမိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားနိုင်ငံ စသည့် နိုင်ငံအသီးသီးမှ နိုင်ငံခြားသား အင်ဂျင်နီယာပညာရှင် ၂၆ ဦးနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အဖွဲ့ဝင် ၅၄ ဦး စုစုပေါင်း အဖွဲ့ဝင် ၈၀ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၃**

ကောဒသမ အကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေ၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဆုများချီးမြှင့်**

ဦးစွာ မွန်ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား မွန်ပြည်နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးမြတ်သွင်၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင် မွန်ပြည်နယ်ဥပဒေရုံး ညွှန်ကြားရေးမှူး ဒေါ်မိုးနှင်းလွင်တို့က ဆုများချီးမြှင့်ခဲ့သည်။



ဆက်လက်၍ အခမ်းအနားတွင် ခင်းကျင်းပြသထားသော လူကုန်ကူးမှု တားဆီးကာကွယ်ရေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို တက်ရောက်လာသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကဝမြို့နယ်(အုန်းနဲ့) စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ကွင်းဆင်းလေ့လာ

**ကဝ စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်(အုန်းနဲ့) စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၀ တို့သည် ယမန်နေ့နံနက် ၁၀ နာရီက သနပ်ပင်မြို့နယ် ဖရဲကွင်း၌ ကျင်းပသည့် လက်ဆွဲကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ လက်တွေ့ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးသားပေါက်ဖြန့်ဖြူးရေးစခန်း၌ ငါးသားဖောက်မွေးမြူခြင်းလုပ်ငန်းများ လေ့လာဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ငါးသားဖောက်လုပ်ခြင်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမာစဲကျေးရွာ၌ ဦးဝင်းထိုက်မောင် မွေးမြူထားသည့် ဥစားဘဲ ၃၀၀၀၀ မွေးမြူရေးခြံသို့ သွားရောက်လေ့လာခဲ့ပြီး ဘဲသားဖောက်စက်ရုံတွင် ဘဲသားဖောက်ခြင်း လက်တွေ့ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**■ မြန်မာ ယူ-၂၃ အသင်းမှ**

နီပေါအသင်းနှင့် ခြေစမ်းကစားသည့် မြန်မာ့လက်ရွေးစင်အသင်းကို တာဝန်ယူခဲ့ခြင်းဖြစ်သည်။ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၃ အသင်းကို ယာယီနည်းပြချုပ်အဖြစ် ဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် တရုတ်နိုင်ငံသို့မထွက်ခွာမီ ရန်ကုန်မြို့၌ ရက်အနည်းငယ်ကြာလေ့ကျင့်မည်ဖြစ်ပြီး အပြီးသတ်လူစာရင်း ထုတ်ပြန်မည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၉ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် တရုတ်အသင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MFF**

# နည်းပညာတက္ကသိုလ် (ပုသိမ်)၌ လူငယ်စကားဝိုင်း ကျင်းပ

**ပုသိမ် စက်တင်ဘာ ၁၃**

နည်းပညာတက္ကသိုလ်(ပုသိမ်)၌ ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီနှင့် နည်းပညာ တက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော “လူငယ်စကားဝိုင်း”ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်အားပေးသည်။





**အမှာစကားပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဟူသည့် စကားအတိုင်း နောင်ခေတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်မည့် လူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်ရန်အတွက် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(ပုသိမ်)မှ ဒုတိယပါမောက္ခချုပ်က စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ရာ နည်းပညာတက္ကသိုလ် (ပုသိမ်) မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်မြသက်နွယ်က ဦးဆောင်ဆွေးနွေးပြီး တတိယနှစ် (Civil) ကျောင်းသား မောင်ဇင်လင်းကိုကိုက “လူငယ်နှင့်အားကစား” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယနှစ်(EP) ကျောင်းသား မောင်လွင်ဖုန်းမြတ်က “လူငယ်နှင့် နည်းပညာ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပထမနှစ် (Mechanical) ကျောင်းသား မောင်သန့်ဇော်လင်းက “လူငယ်နှင့် ယဉ်ကျေးမှု” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စတုတ္ထနှစ် (Mechanical) ကျောင်းသူ မဝါဝါမင်းသူက “လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်” ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သော မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခနှင့်ကျောင်းသား ကျောင်းသူများအတွက် အမှတ်တရလက်ဆောင်များနှင့် နည်းပညာတက္ကသိုလ်(ပုသိမ်)သို့ အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများနှင့် နည်းပညာတက္ကသိုလ် (ပုသိမ်) ဒုတိယပါမောက္ခချုပ်တို့က လက်ခံရယူကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဉ္စမနှစ် (Mechanical) ကျောင်းသားများက လက်တွန်း ကောက်စိုက်စက် စမ်းသပ် တည်ဆောက်နေမှုကို ကြည့်ရှုအားပေးပြီး အောင်မြင်အောင် ဆောင်ရွက်စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မင်းလှမြို့နယ် အထက(စစ်ကွင်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**မင်းလှ စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို အထက(စစ်ကွင်း) ရွှေရတုခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ အထက(စစ်ကွင်း) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းမော်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအောင်က ဦးဆောင်ဆွေးနွေးကာ စစ်ကွင်း အထက Grade -11 မှ ကျောင်းသား ကျောင်းသူငါးဦးတို့က လူငယ်နှင့်စာပေ၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ပြည်သူ့နီတိ၊ လူငယ်နှင့် ကျန်းမာရေးအစရှိသည့် ခေါင်းစဉ်အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများက သိလိုသည့်များကို မေးမြန်းရာ ဆွေးနွေးဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လူငယ်များ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရန်ကင်းမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ



**ရန်ကင်း စက်တင်ဘာ ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် New Land ကိုယ်ပိုင် အလယ်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် ဘိုးရာဇာလမ်းရှိ New Land ကိုယ်ပိုင်ကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကင်းမြို့နယ် ပညာရေးမှူးရုံးမှဒုတိယပညာရေးမှူး ဦးဌေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကင်းမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်လှလှထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်လှလှထွေးနှင့် New Land ကိုယ်ပိုင်ကျောင်း ဆရာမ ဒေါ်မြခေမာသွင်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး New Land ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြသည်။

အခမ်းအနားသို့ တက်ရောက် လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး New Land ကိုယ်ပိုင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ပပဦးသာက ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။ ယင်းနောက် တက်ရောက်လာကြသူများက ခန်းမအတွင်း ပြသထားသော လူငယ်ရေးရာဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



**လှည်းကူး စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၁ နာရီက လှည်းကူး အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြီးက အဂတိတရားလေးပါး ရှောင်ရှားခြင်း၊ ကိုယ်ကျိုးနှင့် အများအကျိုးကြား ခွဲခြားတွေးတောခြင်း၊ ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှု၊ လူမှုတန်ဖိုးများ တည်ဆောက်ခြင်း၊ မိမိကိုယ်တိုင်နှင့် အခြားသူ/လူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း၊ စည်းမျဉ်းစည်းကမ်းများအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

**ဉာဏ်ဟိန်း**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရဲတပ်ဖွဲ့၊ အောင်ပင်လယ်နယ်မြေရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမြင့်မောင် ဦးစီး ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက မန္တလေး-ပြင်ဦးလွင် မြို့ပတ်လမ်းရှိ မြတာဘက်ရ ဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ ရဲပြန်ကြား

# သထုံ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ ပြပွဲပြိုင်ပွဲများ ပြုလုပ်

**သထုံ စက်တင်ဘာ ၁၃**

မွန်ပြည်နယ် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၃ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ၊ ပြပွဲပြိုင်ပွဲများကို ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် လူကုန်ကူးမှုအန္တရာယ်သတိပြုကာကွယ်ခေါင်းစဉ်ဖြင့် ဉာဏစွမ်းရည် ပြိုင်ပွဲကို ဆက်လက်ပြုလုပ်ရာ အမက(လွန်)ဝါးတောကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူများက စိစစ်ရွေးချယ်ကာ ဆုများချီးမြှင့်ပေးသည်။

အဆိုပါအခမ်းအနားတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူကုန်ကူးမှုနှင့်ပတ်သက်သည့် စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက လေ့လာမှတ်သားခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## ရန်ကုန်တိုင်းဒေသကြီး၌ အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး၏ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) အနောက်ပိုင်းဇုန် (ကျောက်တံတား ခရိုင်၊ အလုံခရိုင်၊ ကမာရွတ်ခရိုင်၊ မရမ်းကုန်းခရိုင်) ပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီက မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် ပုဂ္ဂိုလ် များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက (၂၄)ကြိမ် မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်) ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူ များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံး ရရှိသော မြောက်ဥက္ကလာပမြို့နယ်အား ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိသူများက ဆုရ တေးသီချင်းများ၊ အကများဖြင့် ကပြဖျော်ဖြေ၍ မြန်မာ့ရိုးရာဆိုင်းဝိုင်းနှင့် အိုးစည်၊ ဒိုးပတ် စသည့် တူရိယာများ တီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်) ပြိုင်ပွဲများကို စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပခဲ့ပြီး တံခွန်စိုက်ဒိုင်းဆုအပါအဝင် ပထမဆု ၂၆ ဆု၊ ဒုတိယဆု ၂၆ ဆု၊ တတိယဆု ၁၆ ဆု၊ အထူးဆု ရှစ်ဆု စုစုပေါင်း ထူးချွန်ဆု ၇၇ ဆု ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### အကျယ်တဝင့် ဆွေးနွေး

တွေ့ဆုံစဉ် ဝန်ထမ်းများအနေဖြင့် ပြည်သူများ နှင့် ထိတွေ့ရာတွင် ဆက်ဆံရေးကောင်းမွန် ပြေပြစ် ရေး၊ လုံခြုံရေးကောင်းမွန်ရေး၊ ID နှင့်ပတ်သက်သည့် နည်းပညာများလေ့လာရေး၊ ဘာသာစကားနှင့် ပတ်သက်ပြီး ကျွမ်းကျင်မှုရှိစေရေး အမြဲလေ့လာရန် တို့ကိုအကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်၊ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေး မှူး ဦးအောင်မင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ကြည်နှင့် တာဝန်ရှိသူများက လုပ်ငန်း များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူ များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အတွင်းရှိ ပြည်ပထွက်ခွာကောင်တာ၊ ပြည်ပ ဆိုက်ရောက်ကောင်တာ၊ ဒေတာစင်တာခန်းနှင့် ဆိုက်ရောက်ပြီး ထုတ်ပေးရေးဗီဇာရုံးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ကျူနာငါးမျှားတန်း ငါးဖမ်းလုပ်ငန်းအဆိုပြုလွှာခေါ်ယူခြင်း အသိပေးကြေညာခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်၊ မြန်မာ့ရေပိုင်နက် မျဉ်း၏အပြင်ဘက် သီးသန့်စီးပွားရေးဇုန်အတွင်း နိုင်ငံခြားငါးဖမ်း ရေယာဉ်များအား ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခြင်းကို မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများ၏တာဝန်ယူမှုဖြင့် သတ်မှတ်ထား သော ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခွင့်ပြုခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်စာချုပ်နှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွား မည်ဖြစ်ပါသည်။

၂။ နိုင်ငံခြားကျူနာငါးမျှားတန်း ငါးဖမ်းရေယာဉ်များဖြင့် လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသော နိုင်ငံသားပိုင်ကုမ္ပဏီများအနေဖြင့် လုပ်ငန်း လုပ်ကိုင်ခွင့်အဆိုပြုလွှာများကို (၂၈-၉-၂၀၂၃)ရက်နေ့ နောက်ဆုံး ထား၍ လျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**
**ရုံးအမှတ်(၃၆)၊ ပဏ္ဏိတလမ်း၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၄၁၈၅၃၀၊ ၀၆၇-၄၀၈၄၇၇**

## တောင်ငူမြို့၌ ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

တောင်ငူ စက်တင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲ ပိုင်းက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမား ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ တောင်ငူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည် အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပွင့်ဖြူစင်သက်က ကလေးအလုပ်သမားဥပဒေအကြောင်း၊ ဥပဒေနှင့် မညီဘဲ ကလေးအလုပ်သမားခိုင်းစေမိပါက ကျခံရမည့်ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသိပညာပေး ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေက အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေး နှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏တာဝန်များနှင့် ဆောင်ရွက် နေမှုများ၊ လူငယ်သင်တန်းကျောင်းများတွင် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်နေမှုများ စသည်တို့ကို ဟောပြောဆွေးနွေးပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။



အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများမှ ဆရာမများနှင့် ဒေသခံပြည်သူ များ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(ပြန်/ဆက်)

## ပေါက်တောမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေး

ပေါက်တော စက်တင်ဘာ ၁၃

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်း မိုးစပါးအထွက်နှုန်း တိုးတက်စေရန် ပြည်တွင်းမှထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာ (MPE)များကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဒေသခံ တောင်သူများသို့ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးခြင်းကို ယမန်နေ့ နံနက်ပိုင်း က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးက အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သန်းဌေးက ယခုရရှိသော ယူရီးယားဓာတ်မြေဩဇာများကို စနစ်တကျ ရောစပ်သုံးစွဲရန်၊ အချိန်ကိုက် အချိုးကျသုံးစွဲနိုင်ရန် မှာကြားပြီး သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများကိုလည်း လက်တွေ့ပြသကာ ယူရီးယားဓာတ်မြေဩဇာ (MPE) ၄၉၃ အိတ်ကို ကျေးရွာအုပ်စု ၁၈ အုပ်စုသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)



# ဆက်ဆံရေးမြှင့်တင်ရန်အတွက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင် ပြောကြား

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၁၃**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အား ရုရှားအရှေ့ဖျား Amur ဒေသရှိ ဗော့စ်တော့ချနီ အာကာသစခန်း၌ စက်တင်ဘာ ၁၃ ရက်တွင် လက်ခံတွေ့ဆုံခဲ့ကြောင်း ရုရှားနိုင်ငံ စပွတ်နစ်သတင်းဌာနက ပြောကြားသည်။

၎င်းအာကာသစခန်းအား ကြည့်ရှုစစ်ဆေးပြီးနောက် ခေါင်းဆောင်နှစ်ဦးအကြား ဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားနိုင်ငံသို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို မြှင့်တင်ရန် လာရောက်ခြင်းဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ခေါင်းဆောင်ကင်၏ ယခုခရီးစဉ်သည် ရဲဘော်ရဲဘက်နှင့် မိတ်ဆွေတစ်ဦးအဖြစ် လာရောက်ခြင်းဖြစ်ကြောင်း ပူတင်က တွေ့ဆုံပွဲတွင် ထပ်လောင်းပြောကြားသည်။ ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် နှစ်နိုင်ငံလက်တွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပူတင်က မှတ်ချက်ပြုသည်။

ခေါင်းဆောင်ကင်သည် ထူးချွန်သည့် မြောက်ကိုရီးယားနိုင်ငံ တည်ထောင်သူခေါင်းဆောင်များချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးခဲ့သည့် နိုင်ငံ့ခေါင်းဆောင်ဖြစ်သည်ဟု သမ္မတပူတင်က ချီးကျူးပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ အတွက် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးသည် ထိပ်တန်းဦးစားပေး အရေးဖြစ်သည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးနေစဉ်အတွင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

၎င်း၏ခရီးစဉ်သည် ပြုယမ်းနှင့်မော်စကိုကြားဆက်ဆံရေးကိုမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအဖြစ်ပြောင်းလဲရန်အတွက် အရေးကြီးသောအခိုက်အတန့်တစ်ခု ဖြစ်လာခဲ့ကြောင်း ကင်ဂျုံအန်က ထပ်လောင်းပြောကြားခဲ့သည်။

မိမိ၏လက်ရှိခရီးစဉ်သည် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ရုရှား-မြောက်ကိုရီးယား ဆက်ဆံရေးကို မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေးအဖြစ် အသွင်ကူးပြောင်းရာတွင် အရေးကြီးသည့် အခိုက်အတန့်တစ်ခုဖြစ်လာမည်ဟု ယုံကြည်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနှင့် ရုရှားအကြား ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာ့နိုင်ငံများ၏ အကျိုးစီးပွားနှင့် ကိုက်ညီပြီး မော်စကိုနှင့် ရေရှည်ဆက်ဆံရေးတည်ဆောက်ရန် ပြုယမ်းက ရည်ရွယ်ထားကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

၁၉၄၅ ခုနှစ်အတွင်းက ရုရှားနှင့် ကိုရီးယား တပ်မတော်သားများသည် နယ်ချဲ့ဂျပန်များကို တိုက်ထုတ်ရာတွင် အတူတကွ တိုက်ပွဲဝင်ခဲ့ကြောင်း ပူတင်က မှတ်ချက်ပြုပြောကြားသည်။

သမ္မတပူတင်နှင့် မိမိသည် ကိုရီးယားကျွန်းဆွယ်နှင့် ဥရောပဒေသ စစ်ရေး၊ နိုင်ငံရေးအခြေအနေများအား လေးလေးနက်နက် ဆွေးနွေးခဲ့ပြီး မဟာဗျူဟာနှင့် နည်းဗျူဟာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာရန်နှင့် နှစ်နိုင်ငံလုံး၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရာတွင် စည်းလုံးညီညွတ်စွာ လက်တွဲသွားကြရေးအပြင် ဒေသတွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။



ကိုးကား - စပွတ်နစ်၊ ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# မော်ရိုကိုနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် ကလေးငယ် တစ်သိန်းကျော် ထိခိုက်ခံစားနေရ

**ရာဘတ် စက်တင်ဘာ ၁၃**

မော်ရိုကိုနိုင်ငံ၌ စက်တင်ဘာ ၈ ရက်က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ကလေးငယ်တစ်သိန်းကျော် ထိခိုက်ခံစားနေရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ပြောကြားသည်။

အဆိုပါ ငလျင်လှုပ်ခတ်သည့်အချိန်တွင် မိသားစုဝင်များနှင့် ကလေးငယ်များ အိပ်ပျော်လျက်ရှိကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် Marrakech မြို့နှင့် Atlas တောင်တန်းဒေသတွင် ဒေသခံပြည်သူ ၃၀၀၀၀၀ ကျော် ထိခိုက်ခဲ့သည်ဟု အေဂျင်စီက ခန့်မှန်းပြောကြားသည်။

နောက်ဆက်တွဲ ငလျင်များသည် လာမည့်ရက်များနှင့် သီတင်းပတ်များအတွင်း ဆက်လက်ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ဆိုသည်။

လူနေအိမ်ထောင်ပေါင်းများစွာ ပျက်စီးခဲ့ရသည့်အတွက် မိသားစုဝင်များနှင့် ကလေးငယ်များသည် ညအချိန် ချမ်းအေးသောအချိန်တွင် ယာယီကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က သတင်းထုတ်ပြန်သည်။

လက်ရှိအချိန်အထိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၂၉၀၀ ကျော်အထိ မြင့်တက်လာပြီး ထိခိုက်ဒဏ်ရာရရှိသူ ၅၅၀၀ ကျော်ရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# လစ်ဗျားနိုင်ငံ အရှေ့ပိုင်းတွင် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၅၀၀၀ ကျော် သေဆုံး

**ထရီပိုလီ စက်တင်ဘာ ၁၃**

လစ်ဗျားနိုင်ငံ အရှေ့ပိုင်းတွင် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၅၀၀၀ ကျော် သေဆုံးပြီး ထောင်နှင့်ချီပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၂ ရက်တွင် နိုင်ငံအရှေ့ပိုင်းရှိ ဒေသများ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ဒါနာမြို့အရှေ့ပိုင်းနှင့် အခြားနေရာများတွင် လူနေအိမ်များ ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။

လက်ရှိတွင် လစ်ဗျားနိုင်ငံရှိ နိုင်ငံရေးအင်အားစုများက နိုင်ငံ၏အရှေ့ပိုင်းနှင့် အနောက်ပိုင်းနှစ်ပိုင်းခွဲခြား ထိန်းချုပ်ထားသည်။

ဒါနာမြို့တစ်ခုတည်း၌ပင် ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၅၀၀၀ ကျော် သေဆုံးခဲ့ကြောင်း နိုင်ငံအရှေ့ပိုင်းအဖွဲ့၏ အကြီးတန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကိုကိုးကားပြီး ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

မိုးရွာသွန်းမှုကြောင့် ဒါနာမြို့ရှိ ရေကာတာနှစ်ခုပြိုကျခဲ့ပြီး မြို့နှင့်အနီးတစ်ဝိုက်ဒေသများတွင် ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် ပြည်သူ ၁၀၀၀၀ နီးပါးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဆိုသည်။

ရေဘေးသင့်ဒေသများသို့ လမ်းများနှင့် ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးကြန့်ကြာလျက်ရှိကာ သေဆုံးသူဦးရေ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ဘရာဇီးနိုင်ငံ၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၄၇ ဦးရှိလာ

**ဆော်ပေါ်လို စက်တင်ဘာ ၁၃**

ဘရာဇီးနိုင်ငံအရှေ့တောင်ပိုင်း ရီယိုဂရန်ဒီဒိုဆူးလ်တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် သေဆုံးသူ၄၇ဦးရှိလာကြောင်း တာဝန်ရှိသူများကပြောကြားသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းကြောင့် ဒေသ ၉၈ ခု ထိခိုက်မှုရှိခဲ့ပြီး စက်တင်ဘာ ၄ ရက်မှစတင်ကာ လူပေါင်း ၂၅၀၀၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကာ အနည်းဆုံး ၉၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရီယိုဂရန်ဒီဒိုဆူးလ်မြို့ ကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

ထို့ပြင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် စက်တင်ဘာ ၁၂ ရက်အထိ ကာလအတွင်း ရှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ရီယိုဂရန်ဒီဒိုဆူးလ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဘရီယယ်ဆူဇာက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဘရာဇီးနိုင်ငံအစိုးရကလည်း ယခုသီတင်းပတ်အတွင်း ရီယိုဂရန်ဒီဒိုဆူးလ်ပြည်နယ်၏ ဒေသတချို့တွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ထပ်မံဝင်ရောက်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားပြီး မုန်တိုင်းဒဏ်ခံရသည့် ဒေသများအတွက် စီးပွားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# အမေရိကန်နှင့် အပေါင်းပါနိုင်ငံများ၏ အကျပ်ကိုင်မှုများကို တွန်းလှန်ကြရန် ဗင်နီဇွဲလားတိုက်တွန်း

**ကာရာကတ်စ် စက်တင်ဘာ ၁၃**

ကမ္ဘာ့နိုင်ငံများအပေါ် အမေရိကန်နှင့် အပေါင်းပါနိုင်ငံများ၏ တစ်ဖက်သတ်အကျပ်ကိုင်မှုများကို တွန်းလှန်ကြရန် ဗင်နီဇွဲလားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဗလာဒီမာ ပတ်ဒရီနိုလိုပက်ဇ်က ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းခဲ့သည်။

ကမ္ဘာပေါ်တွင် ယခုကဲ့သို့ ယဉ်ကျေးမှုကင်းမဲ့စွာ အနိုင်ကျင့်ခြင်းကို ဆန့်ကျင်ရေးအတွက် ကြိုးပမ်းမှုများ အများအပြား ဆောင်ရွက်ရမည်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများအကြား လေးစားမှုနှင့် စည်းလုံးညီညွတ်ရေးကို မြှင့်တင်ရမည်ဖြစ်ကြောင်း လူမှုမီဒီယာအိပ်စ်တွင် ၎င်းက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံအပေါ် အမေရိကန်က အရေးယူပိတ်ဆို့မှုများ ချမှတ်ခြင်းသည် နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံသားများ၏ အခြေခံရပိုင်ခွင့်များကို ပိတ်ပင်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံအပေါ်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် သမ္မတ နီကိုလပ်စ်မာဒူရိုက တောင်းဆိုထားသည့်ဗီဒီယိုဖိုင်ကိုလည်း ၎င်း၏လူမှုမီဒီယာတွင် လွှင့်တင်ခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၄၇၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၉၀ (အလေးချိန် ၃၁ ဒသမ ၅ ကီလို) သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၄၇၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၉၀ (အလေးချိန် ၃၁ ဒသမ ၅ ကီလို) သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

## သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီး ပင်လောင်း-တပ်ကုန်းသွားကားလမ်းတွင် ပင်လောင်းမှ တပ်ကုန်းသို့ စောဌေးဦး မောင်းနှင်လာသည့် Surf ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၄၇၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၉၀ (အလေးချိန် ၃၁ ဒသမ ၅ ကီလို) သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



စောဌေးဦးအား သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# ပြည့်တန်ဆာလုပ်ငန်းသို့ ပို့ဆောင်ကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် စက်တင်ဘာ ၁၃

ပြည့်တန်ဆာလုပ်ငန်းသို့ ပို့ဆောင်ကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်တစ်သက်စီနှင့် နှစ် ၂၀ စီ ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နေ ကမာဘိုင်(ခ)ကျော်လေး(ခ)ကျော်ကျော်နှင့် ထားထားမြင့်(ခ)မထက်၊ ချမ်းမြသာစည်မြို့နယ်နေ စောမြတ်သူ(ခ)မြတ်သူနှင့် အေးချမ်းမိုး(ခ) စုစု တို့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ မ ---၊ ၁၅ နှစ်နှင့် မ ---၊ ၁၈ နှစ်တို့ကို အဓမ္မပြည့်တန်ဆာအဖြစ် ခိုင်းစေရန် ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် အောင်ပင်လယ်နယ်မြေရဲစခန်း (ပ) ၂၀/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မဟာအောင်မြေခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ စက်တင်ဘာ ၈ ရက်တွင် တရားခံ ကမာဘိုင်(ခ)ကျော်လေး(ခ)ကျော်ကျော်နှင့် ထားထားမြင့်(ခ)မထက်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၀ အရ ထောင်ဒဏ်တစ်သက်စီနှင့် စောမြတ်သူ(ခ)မြတ်သူနှင့် အေးချမ်းမိုး(ခ)စုစုတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) အရထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zar Chi Myo Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် နွားကန်ကျေးရွာနေ ဇာခြည်မျိုးမြင့်အား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “Naing Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ဖျားရပ်ကွက်နေ နိုင်စိုး(ခ)ရာဂျေးအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ် တန် ၄၀ ဖမ်းဆီးရမိ



နေပြည်တော် စက်တင်ဘာ ၁၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၆ ဒသမ ၆၅၉၉ တန်၊ သစ်မာ ၅ ဒသမ ၆၃၆၆ တန်၊ အခြား ၇ ဒသမ ၉၇၆၄ တန် စုစုပေါင်း ၄၀ ဒသမ ၂၇၂၉ တန်၊ ယာဉ်/ ယန္တရား ၁၂ စီး၊ တရားခံ ၁၁ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၉-၂၀၂၃ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနာသုတ် တေဇျောသုတ်၊ အန္တရာယ်ကင်းပရိတ် တရားတော်
- ၀၆:၃၀ စုဒ္ဒသမတိပိဋကဓရတိပိဋကကောဝိဒတိပိဋက ကမ္ဘောဇဆရာတော် ဘဒ္ဒန္တဝိရိယာနန္ဒ၏ ထေရုပတ္တိမှတ်တမ်း (အပိုင်း-၆)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာ အလင်္ကာ
- ၀၉:၁၅ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၀၉:၃၀ NRC အစီအစဉ်(ကယား) ‘စိမ်းစိုသာယာတို့စိုက်ခင်းကရွှေဘဏ္ဍာ’
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၁၅ အဏ္ဏဝါအမှိုက်သရိုက်နှင့်ပလတ်စတစ်ညစ်ညမ်းမှု
- ၁၂:၃၅ ဓမ္မာစရိယ၊ ဝိနယဓရ Ph-D ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရဟောကြားတော်မူသော ‘စိတ်ကောင်းရှိပါတရားတော်’
- ၁၃:၃၀ MRTV National News
- ၁၄:၄၅ မျိုးဝင်္ကာတင့်စေဆိုကရေးတီးအငြွေ
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘ချစ်ပန်းရနံ့လွှင့်ပျံ့အမုန်း’** (အပိုင်း-၁၈)
- ၁၆:၃၅ မျိုးဝင်္ကာတင့်စေဆိုကရေးတီးအငြွေ
- ၁၇:၁၅ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **‘ချုန်တွန်းနှင့် အမိန့်မရအပေါင်းဆိုင်’** (အပိုင်း-၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **‘လေနှင်ရာခရီး’** (အပိုင်း-၁၇)

### mitv

- 07:02 Evergreen Classic: Thatta Htar Na (Sein Lei Lei)
- 07:11 Shwe Maw Daw: The Glory Of Bago City
- 07:37 Enchanting Myeik
- 07:52 Paper Art Creator
- 08:01 News
- 08:26 19 Hours
- 08:52 Healthy Diet: Fasting Diet
- 09:01 Discovering Tribes: Myaung Zee (or) Hmong: their life and customs
- 09:34 Paper Products... Plain but Pretty
- 10:01 News
- 10:26 Myanma Thanakha
- 10:42 Let's venture to a natural wonder

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ဝေဟင်ထက်ကဗီဝိုးငှက်ငယ်

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ထူးဆန်းငွေရှာရခိုင့်ဝလေ့ရှေးရိုးရာ(ငစွေအက)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
လင်းဒေးမြို့ရဲ့ကြံသကာချက်နည်း

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကွမ်းလုံမြို့သို့အလည်တစ်ခေါက်

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
လီဆူတိုင်းရင်းသားတို့စံပျော်ရာအိုင်စန့်ကျေးရွာ

**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အစာအိမ်ရောင်ရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ထူးကဲအရသာကော်သူးလေဟင်းလျာ

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် အမိမြန်မာပြည်(အပိုင်း-၂)

**ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
အောက်ချင်းငှက်နဲ့ချင်းတိုင်းရင်းသား (အောက်ချင်းငှက်တေးသံ)(အပိုင်း-၃)

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၈:၄၅ နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗျာဝံမြို့နယ်မှ ရေတံခွန်မြို့တော်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **‘ဖြူစင်သောစိတ်ထား’**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြိုးစားဖို့ စိုက်ပျိုးသိပ္ပံကျောင်းကိုရွေးချယ်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၉:၀၀ YEAR ONE.Everything we built on our abandoned land/ YEAR TWO.Everything we built on our abandoned land
- ၁၉:၄၅ Regenerative Farm Combines Ducks and Blueberries | Parc Carreg Duck Eggs, Wales
- ၂၂:၀၀ Rose - Queen of Flowers - Go Wild

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၇:၄၀ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ Caryin (Football Player)

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ပဲခူးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၁၃

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌတို့က ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြိုင်ပွဲဝင်မောင်/မယ်များအနေဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်ကာ ရိုးသားကြိုးစားစွာ ယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ညောင်လေးပင်ခရိုင်မှ ပြိုင်ပွဲဝင် မခင်ရတနာစိုးက "ဂီတအခြေခံ"သီချင်း၊ ပြည်ခရိုင်မှ ပြိုင်ပွဲဝင် မောင်မင်းမျိုးရာဇာက "လုလင်ငယ်သွေး" သီချင်း၊ နတ်တလင်းခရိုင်မှ ပြိုင်ပွဲဝင် မောင်ဇော်မျိုးအောင်နှင့် ပဲခူးခရိုင်မှ ပြိုင်ပွဲဝင် မမေသဇင်မြင့်တို့က "ခေတ်သစ် မြိုင်ထ" အက၊ သာယာဝတီခရိုင်မှ ပြိုင်ပွဲဝင် မောင်မျိုးမင်းခန့်က "ချောကလျာ" သီချင်း၊ တောင်ငူခရိုင်မှ ပြိုင်ပွဲဝင် မောင်တမ်းတမောင်အဖွဲ့က "ဒိုးပတ်အတီး"ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




# မြဝတီမြို့၌ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မြဝတီ စက်တင်ဘာ ၁၃

(၂၄)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် မြဝတီမြို့ City Home ခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ရှေ့တန်းအမှတ်(၂၇၅) ဒုတပ်ရင်းမှူး ဗိုလ်မှူးဟိန်းလတ်အောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ပြိုင်ပွဲလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အောင်စေပိုင်စေသီချင်းဖြင့် ကပြတင်ဆက်ပြီး (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသည့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများနှင့် အုပ်ချုပ်/နည်းပြများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

# လူကုန်ကူးမှုအသိပညာပေး ဘေဘုတ်စိုက်ထူ

ရန်ကုန် စက်တင်ဘာ ၁၃

ကောဒသမ အကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လူကုန်ကူးမှု အသိပညာပေး ဘေဘုတ် စိုက်ထူခြင်းကို ယနေ့နံနက် ၁၀ နာရီက မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်း မုံရွာလမ်းရှိဆိုက်ရောက်/ ထွက်ခွာဂိတ်တွင် ပြုလုပ်သည်။

အဆိုပါ ဘေဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)လက်ထောက်ဌာနမှူး ဦးရန်ငြိမ်းချမ်း၊ ရဲမှူးတိုးမြို့မြို့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



**လက်ကမ်းစာစောင်များဖြန့်ဝေ**

ဆက်လက်ပြီး အမှတ်(၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက အောင်မင်္ဂလာအဝေးပြေး ကားဝင်းအတွင်း၌ ခရီးသွားပြည်သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# " ဟာသမြို့တော် " ရယ်စရာတစ်ခန်းရပ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် စက်တင်ဘာ ၁၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ " ဟာသမြို့တော် " ရယ်စရာတစ်ခန်းရပ်အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

" ဟာသမြို့တော် " ရယ်စရာတစ်ခန်းရပ်အစီအစဉ်ကို ဟားစတိုင်လ်လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး "ရှင်းလေ ရှုပ်လေ" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ နိုင်မိုး၊ ဦးတိမ်ညွန့်၊ ဦးရာကျော်၊ မတူး၊ ရွှေယမင်းနှင့် ဟာသပညာရှင်တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV–HD Channel မှ စက်တင်ဘာ ၁၆ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး စက်တင်ဘာ ၂၀ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၉-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၅၅ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၅ | ၂၄၁၀ | ၂၃၈၅ | ၂၄၈၅ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၇၀ | ၃၃၁၅ |
| 95 Ron | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၆၁၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၅ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၈၇၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၉၀ | ၂၇၈၅ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၉၀ | ၂၇၈၅ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၃၉ | ၂၃၁၇ |
| 95 Ron | ၂၃၆၁ | ၂၄၄၂ |
| HSD (500 ppm) | ၂၄၃၉ | ၂၅၁၈ |
| HSD (50 ppm) | ၂၅၁၃ | ၂၅၉၃ |
| HSD (10 ppm) | ၂၅၁၃ | ၂၅၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# လူငယ်များ ဗလငါးတန်ပြည့်ဝဖို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်စို့

**သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)**

လူငယ်ဆိုတာ အပြစ်ကင်းစင်ပြီး တက်ကြွတဲ့သူတွေဖြစ်ပါတယ်။ အရောင်နဲ့တင်စားရရင်တော့ အဖြူရောင်သက်သက်ပါပဲ။ အဖြူရောင်ရဲ့သဘာဝက အစွန်းအထင်းမခံပါဘူး။ အကိုင်အတွယ်မတတ်ရင် ညစ်ပေလွယ်ပါတယ်။ လူငယ်ဆိုတာလည်း ဒီလိုပါပဲ။ ကိုင်တွယ်ထိန်းသိမ်းမှုကောင်းရင်ကောင်းသလို အင်အားတွေဖြစ်လာပြီး ထိန်းသိမ်းမှုမကောင်းရင် အင်အားတွေ ဆုံးရှုံးရမှာဖြစ်ပါတယ်။ လူငယ်ဆိုတာ နိုင်ငံ့အင်အားဖြစ်တဲ့အတွက် လူငယ်တွေကို ပြုစုပျိုးထောင် အရောင်တင်ခြင်းဟာ နိုင်ငံတော်တိုးတက်ဖို့ အရေးပါတဲ့ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဦးတည်ချက် (၉) ရပ်ထဲက လူမှုရေးဦးတည်ချက်မှာ **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**လို့ ပါဝင်ပါတယ်။ ဒီဦးတည်ချက်ကိုကြည့်ရင် လူငယ်မျိုးဆက်သစ်တွေကို ပြုစုပျိုးထောင်ပြီး နိုင်ငံရေးရည်ဖွံ့ဖြိုးတိုးတက်လာဖို့ ရည်ရွယ်တယ်လို့ ယူဆမိပါတယ်။ နိုင်ငံမှာရှိတဲ့ သဘာဝသယံဇာတအရင်းအမြစ်တွေဆိုတာ ကုန်ဆုံးသွားနိုင်ပေမယ့် လူသားစွမ်းအားအရင်းအမြစ်ဆိုတာ ဘယ်တော့မှ ကုန်ဆုံးသွားမှာ မဟုတ်ပါဘူး။ မကုန်ဆုံးနိုင်တဲ့အရင်းအမြစ်တွေကို ပြုစုပျိုးထောင်ပေးခြင်းဟာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်သင့်တော်မှန်ကန်တဲ့ လုပ်ဆောင်မှုတစ်ခုပဲဖြစ်ပါတယ်။




### လူသားတွေရဲ့ ဘဝတစ်ခုလုံးအတွက် မရှိမဖြစ်အလင်းရောင်

လူတိုင်းငယ်ရွယ်စဉ်ကာလမှာ မဖြစ်မနေလုပ်ဆောင်ရမယ့်အရာက ပညာသင်ကြားခြင်းဖြစ်ပါတယ်။ ပညာရေးဆိုတာ လူတွေအတွက် အလွန်အရေးကြီးပါတယ်။ ပညာတတ်မှ အမှားအမှန် ချင့်ချိန်နိုင်မယ်။ အမှားအမှန်သိမှ မှန်တဲ့လမ်းကြောင်းကို ရွေးချယ်နိုင်မှာပါ။ "ပညာသမာ အာဘာနတ္ထိ" လောက၌ ပညာနဲ့တူတဲ့အရာသည် မရှိလို့ ပြောကြပါတယ်။ တကယ်လည်း ပညာနဲ့တူတဲ့အရာဆိုတာမရှိပါဘူး။ ပညာဆိုတာ လူသားတွေရဲ့ ဘဝတစ်ခုလုံးအတွက် မရှိမဖြစ်အလင်းရောင်ပါပဲ။

ပုဂံခေတ် သိင်္ဃသူ့သမီးကျောက်စာမှာ "ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော၊ သစ္စာမရှိသော၊ ပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တတ်သကင်းသော၊ မဖြစ်မူ၍။ ရှမ္မက်နည်းသော၊ ရောင့်ရဲလွယ်သော၊ အမျက်နည်းသော၊ သနားတတ်သော၊ ပညာရှိသော၊ အကြောင်းကို သိတတ်သော၊ ဝန်မတိုသော၊ အပေးအကမ်းရှိသော၊ သစ္စာရှိသော၊ မပျက်တတ်သော၊ မမေ့လျော့သော၊ အောက်မေ့တတ်ရှိသော ဤသို့သော ကျေးဇူးတို့နှင့် ပြည့်စုံလျက် သံသရာ၌ ကျင်လည်၍ မေတ္တေယျဘုရား မျက်မှောက်ကကော်လျှင် မြတ်သော အကျွတ်တရားရလိုသတည်း"လို့ ရေးထိုးထားတာ တွေ့ရပါတယ်။

အတိုချုပ်ပြောရရင်တော့ သိင်္ဃသူ့သမီးကျောက်စာမှာ ပညာနဲ့ပတ်သက်ပြီး "ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော" "ပညာရှိသော၊ အကြောင်းကို သိတတ်သော၊ ဝန်မတိုသော"ဆိုတဲ့ စကားနှစ်ရပ်ပါဝင်ပါတယ်။ "ပညာမရှိရင် မိုက်မယ်။ ပညာရှိရင်အကြောင်းကို သိတတ်မယ်" အကြောင်းကို သိတတ်တယ်ဆိုတာက အကြောင်းအကျိုး အကောင်းအဆိုးတွေကိုသိပြီး ဘဝအောင်မြင်မှုတွေရမယ်။ ဘယ်ထိအောင်မြင်မလဲဆိုရင်တော့ အကျွတ်တရားရပြီး နိဗ္ဗာန်အထိတိုင် ရောက်နိုင်တယ်လို့ နားလည်မိပါတယ်။ ပညာရဲ့တန်ဖိုးက ကြီးမားလှပါတယ်။

### ပညာသင်ကြားရေးနဲ့ပတ်သက်ပြီး အလေးအနက်ဆုံးမခဲ့

စာဆိုတော်ကြီး ရှင်မဟာရဋ္ဌသာရက စာသင်သားတွေကို "သုစိပုဘာ ဝိလိသိခ အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်သွင် နေ့တိုင်းဆင်လော့"လို့ ဆုံးမခဲ့ပါတယ်။ "သု = သုဏေယျ ကြားနာရာ၏။ စိ = စိန္တေယျ ကြံစည်ရာ၏။ ပု = ပုစ္ဆေယျ မေးမြန်းရာ၏။ ဘာ = ဘာသေယျ ပြောဆိုဆွေးနွေးရာ၏။ ဝိ = ဝိစာရေယျ စူးစမ်းဆင်ခြင်ရာ၏။ လိ = လိခေယျ ရေးမှတ်ရာ၏။ သိ = သိက္ခေယျ လေ့ကျင့်ရာ၏။ ခ = ခာရေယျ နှုတ်တက်ဆောင်ရာ၏" ဆိုတာကို ကြည့်ရင် ပညာသင်ကြားရေးနဲ့ပတ်သက်ပြီး အလေးအနက်ဆုံးမခဲ့တာကို တွေ့ရပါတယ်။ ခေတ်မီနေဆဲ အဆုံးအမတွေဖြစ်ပါတယ်။

မဃဒေဝလင်္ကာသစ်မှာ မန်လည်ဆရာတော်ကြီးက "ပညာပြည့်ဝ နှလုံးလှသော်၊ ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏"လို့ ဖွဲ့ဆိုခဲ့ပါတယ်။ ဆောက်သွားကို အကျဉ်းအကျယ်လိုအပ်သလို ထွင်းဖောက်ဖို့ အသုံးချနိုင်သလို ပညာဆိုတာလည်း လိုသလိုအသုံးချနိုင်တဲ့အရာဖြစ်တယ်လို့ ဆိုလိုပါတယ်။ ပညာရှိရင် ကိစ္စများစွာပြီးမြောက်နိုင်ပါတယ်။

လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားကတော့ "လောကကြီးကို ပြောင်းလဲနိုင်တဲ့ တစ်ခုတည်းသောအရာက ပညာပဲဖြစ်တယ်"လို့ ပြောခဲ့ပါတယ်။ လူငယ်တွေဆိုတာ ကိုယ့်အင်အားနဲ့ လောကကြီးကို ပြောင်းလဲမယ်လို့ အိပ်မက်မက်ကြတဲ့သူတွေပါ။ ပြောင်းလဲချင်တဲ့ အိပ်မက်တွေ အကောင်အထည်ဖော်နိုင်ဖို့ ပညာတွေတတ်မြောက်အောင် သင်ယူကြပါလို့ လူငယ်တွေကို တိုက်တွန်းချင်ပါတယ်။

### ပညာအရည်အချင်းရှိလာအောင် ပြုစုပျိုးထောင်

"ပညာရွှေအိုးလူမခိုး၊ ပညာရဲ့ရင် ပွဲလယ်တင်၊ ပညာရှာ ပမာသူဖုန်းစား၊ ပညာဆည်းပူး ပန်းသို့ဦး၊ ပညာမရှိ သူ၏ဝန်ထမ်း" စတဲ့ ဆိုရိုးစကားတွေလည်းရှိပါတယ်။ ပညာဆိုတာ နိုင်ငံတိုင်း လူမျိုးတိုင်းအတွက် ရတနာတစ်ပါးဖြစ်ပါတယ်။ နိုင်ငံတိုးတက်ဖို့ လူသားစွမ်းအားအရင်းအမြစ်တွေကို ပညာအရည်အချင်းရှိလာအောင် ပြုစုပျိုးထောင်ခြင်းဟာ အထိရောက်ဆုံးလုပ်ငန်းပဲဖြစ်ပါတယ်။

လူငယ်တွေ ပညာသင်ကြားခွင့်ရဖို့ လူကြီးတွေက စီစဉ်ပေးကြရပါတယ်။ လူငယ်တွေကလည်း ဘယ်လိုအခက်အခဲပဲရှိရှိ ပညာကိုကြိုးစားသင်ယူရပါမယ်။ ပညာတွေ ကြိုးစားသင်ယူရင်းကပဲ လူငယ်တွေမှာ မဖြစ်မနေရှိရမယ့် ဗလငါးတန်ပြည့်ဝဖို့ကိုလည်း ဖြည့်ဆည်းနေရမှာဖြစ်ပါတယ်။ ဗလငါးတန်ဆိုတာ ကာယဗလ-ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းခြင်း၊ ဉာဏဗလ- အသိဉာဏ်ပညာဖြင့်ပြည့်စုံခြင်း၊ စာရိတ္တဗလ-ကိုယ်ကျင့်တရားဖြင့် ပြည့်စုံကောင်းမွန်ခြင်း၊ မိတ္တဗလ-ကောင်းသောမိတ်ဆွေခင်ပွန်းများဖြင့် ပြည့်စုံခြင်း၊ ဘောဂဗလ- ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမှုနဲ့ ပြည့်စုံခြင်းတို့ဖြစ်ပါတယ်။

လူငယ်တွေဟာ ပင်ကိုအားဖြင့် အရည်အချင်းအစွမ်းအစရှိကြသူတွေဖြစ်ပါတယ်။ တစ်ဦးချင်းကောင်းမွန်တတ်ကျွမ်းတဲ့အရာတွေလည်း ရှိကြပါတယ်။ တစ်ဦးချင်းစီက တစ်ခုကောင်း တတ်ကျွမ်းနေရုံနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်လာရေးမှာ ထိရောက်တဲ့ စွမ်းဆောင်မှုဖြစ်လာမှာ မဟုတ်ပါဘူး။ လူငယ်တွေအားလုံးသာ ဗလငါးတန်နဲ့ ပြည့်ဝကြမယ်ဆိုရင် နိုင်ငံရေးရည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး ဗလငါးတန်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ပေးနေတာကို တွေ့မြင်ရပါတယ်။

### မြင်တွေ့ရသူကို ပီတိဖြစ်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာလည်း လူငယ်တွေဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ နိုင်ငံတစ်ဝန်းက အထင်ကရနေရာတွေကို ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို "လှပသာယာ ပြည်မြန်မာ" ခေါင်းစဉ် ဓာတ်ပုံပြပွဲတွေပြသပေးပါတယ်။ စာအုပ်စာစောင်ပြပွဲတွေ၊ စကားပုံဆက်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲနဲ့ ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲတွေကို အခြေခံပညာကျောင်းမှ ကလေးငယ်တွေအတွက် လုပ်ဆောင်ပေးနေကြပါတယ်။ ဌာနရဲ့ပံ့ပိုးမှုနဲ့ ဂီတဖျော်ဖြေပွဲတွေကိုလည်း ထည့်သွင်းပြီး လုပ်ဆောင်ပေးနေကြပါတယ်။ ကလေးတွေ စိတ်လွတ်လပ်ပေျာ်ရွှင်စွာ ပါဝင်လှုပ်ရှားနေကြတာတွေ့ရပါတယ်။ အဲဒီပွဲမှာ စာအုပ်တစ်အုပ်စီကိုင်ပြီး စိတ်ဝင်စားစွာစာဖတ်နေကြတဲ့ ကျောင်းသား ကျောင်းသူတွေကိုလည်း တွေ့ရပါတယ်။ တစ်ကျောင်းလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်အောင် ပါဝင်နေကြတာ မြင်တွေ့ရသူကို ပီတိဖြစ်စေပါတယ်။

ကျွန်မအနေနဲ့ ဒီပွဲတွေမှာ လူငယ်အသိပညာပေးဟောပြောသူအဖြစ် တာဝန်ယူ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ပါတယ်။ လူငယ်တွေ စိတ်ဝင်စားအောင် ကြိုးစားဟောပြောခဲ့ပါတယ်။ "လူငယ်နဲ့ ယဉ်ကျေးမှု၊ လူငယ်နဲ့ပညာရေး၊ လူငယ်နဲ့ မျိုးချစ်စိတ်ဓာတ်" ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ စာမျက်နှာ ၁၇ သို့ ❖





နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၁၁) ၌ ပြုလုပ်သော ဗလငါးတန်ဖွံ့ဖြိုးရေးအသိပညာပေးဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲကြစဉ်။

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ဘားအံ စက်တင်ဘာ ၁၃**

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ သင်ကြားမှု အထောက်အကူဖြစ်စေခြင်းနှင့် လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်နိုင်ရေး ကရင်ပြည်နယ် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ကျင်းပခဲ့သည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်က သင်ယူတတ်မြောက်မှုများ အားကောင်းလာစေရန်အတွက် နည်းလမ်းများဖော်ဆောင်ရာတွင် ယခုကဲ့သို့သော ဆွေးနွေးပွဲများဖြင့် ဆွေးနွေးကြပြီး လိုအပ်ချက်များ၊ အားနည်းချက်များကို အဖြေရှာကာ ပြီးပြည့်စုံမှုမရှိသည့်တိုင်အောင် အထိုက်အလျောက် ဆောင်ရွက်နိုင်ပါက ကောင်းမွန်သည့် ပညာရေးစနစ်ပန်းတိုင်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အခြေခံပညာရေး၏အခန်းကဏ္ဍတိုးတက်မှသာ အဆင့်မြင့်ပညာ၊ အသက်မွေးပညာရပ်များတွင်သာမက ပညာရပ်အသီးသီးသို့ ချဉ်းကပ်ရာတွင်လည်း နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေ၍ လက်ရှိပညာရေး မိသားစုများ၏ ဝိုင်းဝန်းအားဖြည့် ဆောင်ရွက်ပေးကြမှသာ ဟန်ချက်ညီညီ တိုးတက် ပြောင်းလဲလာမည်ဖြစ်ရာ တက်ညီလက်ညီ အားဖြည့်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ သံတောင်ကြီး၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်ခရိုင် ပညာရေးမှူးများက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး တင်ပြဆွေးနွေးကြကာ ပြည်နယ်ဥပဒေချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကာ ဆွေးနွေးချက်များနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပြုစုတင်ပြ၍ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၁၃**

၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း(မော်လမြိုင်) ၌ ကျင်းပခဲ့သည်။

အဆိုပါ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၇၃ ဦးက "ရာသီဥတုပြောင်းလဲမှု လျှော့ချရေး အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ပေး" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ၂၀၂၃ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၅၁၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၂-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

❖ စာမျက်နှာ ၁၆ မှ

အသိပညာပေးဟောပြောခဲ့ပါတယ်။ စိတ်ဝင်စားအောင် စီကာစဉ်ကာ ပြောပြတဲ့အခါ တောက်ပတဲ့ မျက်ဝန်းလေးတွေနဲ့ နားထောင်နေကြတဲ့ သိချင်တတ်ချင်စိတ် အပြည့်အဝရှိတဲ့ ကလေးတွေကို တွေ့မြင်ခဲ့ရပါတယ်။

ဒီလိုပွဲတွေကင်းကွာပြီး လူငယ်တွေရဲ့နှလုံးသားထဲကို အဆိပ်ခတ်ခံခဲ့ရတဲ့အတွက် ဒီနှစ်တွေအတွင်း ဆုံးရှုံးခဲ့ရတဲ့လူငယ်တွေ ဘယ်လောက်များပြီလဲလို့ တွေးမိတဲ့အခါတိုင်း ရင်နာခဲ့ရပါတယ်။ ဆုံးရှုံးမှုတွေကို အဖတ်ဆယ်လုပ်ဆောင်ဖို့ ခက်ခဲပါတယ်။ ကျွန်မတို့ လုပ်နိုင်တာကဘာလဲ။ နောက်ထပ် လူငယ်တွေမဆုံးရှုံးရဖို့ ကျွန်မတို့ ကြိုတင်လုပ်ဆောင်သင့်တာဟာ အသိပညာပေးခြင်းပဲဖြစ်တယ်လို့ စဉ်းစားမိပါတယ်။ ဒါကြောင့် အတွေးမှန်၊ အမြင်မှန်၊ အသိတွေမှန်နေအောင် ပညာပေးလုပ်ငန်းတွေ အမြောက်အမြားဆောင်ရွက်ကြပါမယ်။ မရပ်မနားဆောင်ရွက်ကြပါမယ်။ ဒီအတွေးကြောင့် ပင်ပန်းပေမယ့် တက်ကြွနေခဲ့ပါတယ်။

### စေတနာစကားတွေဖြစ်တဲ့အတွက် အင်အားသစ်တွေဖြစ်

ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲမှာ ကျောင်းသား ကျောင်းသူလေးတွေက "မင်္ဂလာကဗျာ၊ ဇာတိမာန်သီချင်း၊ လူချွန်လူကောင်းသီချင်း"တွေနဲ့ ဖျော်ဖြေပေးကြပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့ရဲ့ အမှာစကားကိုလည်း နာကြားရပါတယ်။ လူငယ်တွေကို အောင်မြင်တိုးတက်စေချင်တဲ့ စေတနာစကားတွေဖြစ်တဲ့အတွက် အင်အားသစ်တွေဖြစ်စေပါတယ်။ လူကြီးတွေရဲ့ လှိုက်လှဲနွေးထွေးတဲ့ဆက်ဆံရေးကြောင့် ကျောင်းသား ကျောင်းသူလေးတွေ မြူးပျော်ရွှင်ပျနေတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ မြင်တွေ့ကြားနာရတာ စိတ်ကြည်နူးချမ်းမြေ့ခဲ့ရပါတယ်။

> **လူငယ်တွေဟာ ပင်ကိုအားဖြင့် အရည်အချင်း အစွမ်းအစရှိကြသူတွေဖြစ်ပါတယ်။ တစ်ဦးချင်း ကောင်းမွန်တတ်ကျွမ်းတဲ့အရာတွေလည်း ရှိကြပါတယ်။ တစ်ဦးချင်းစီက တစ်ခုကောင်း တတ်ကျွမ်းနေရုံနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာရေးမှာ ထိရောက်တဲ့စွမ်းဆောင်မှု ဖြစ်လာမှာမဟုတ်ပါဘူး။ လူငယ်တွေအားလုံးသာ ဗလငါးတန်နဲ့ ပြည့်ဝကြမယ်ဆိုရင် နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး ဗလငါးတန်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ပေးနေတာကို တွေ့မြင်ရ**

နုနယ်တဲ့ မျိုးဆက်သစ်ကျောင်းသားလူငယ်တွေရဲ့ နှလုံးသားထဲကို နိုင်ငံချစ်တဲ့စိတ်၊ လူမျိုးကိုချစ်စိတ်၊ သမိုင်းအမွေအနှစ်တွေနဲ့ ထုံမွှမ်းနေတဲ့ အမိမြေကို ချစ်တဲ့စိတ်၊ ပညာကို လိုလားနှစ်သက်တဲ့စိတ်တွေ ကြိုးစားပြီး ထည့်သွင်းပေးခဲ့ပါတယ်။ ဒီပွဲတွေမှာ ကိုယ်တတ်နိုင်တဲ့ဘက်က အသိပညာတွေမျှဝေပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အသိနဲ့ ဝမ်းမြောက်ဂုဏ်ယူနေခဲ့ပါတယ်။

ဗလငါးတန်ပြည့်ဝအောင် ဆောင်ရွက်ပေးရေးကို ဒီလိုပွဲလေးတစ်ပွဲစီ လုပ်ဆောင်ပေးရုံနဲ့ တာဝန်ကျေတာတော့ မဟုတ်ပါဘူး။ ဒီပွဲလေးကနေ တို့တွေကို နိုင်ငံတော်အကြီးအကဲတွေက တန်ဖိုးထားတယ်ဆိုပြီး အားတက်မယ်။ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရတဲ့ အစီအစဉ်တွေကြောင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာမယ်။ ပျော်ရွှင်ဖွယ်အစီအစဉ်ကစားနည်းတွေကြောင့် စိတ်ပျော်ရွှင် လန်းဆန်းမယ်။ မြန်မာနိုင်ငံအနှံ့က ရောင်စုံခြယ်လှပတဲ့ ရှုခင်းတွေနဲ့ ဓာတ်ပုံပြပွဲတွေကိုလည်း တိုးမပေါက်အောင် စိတ်ဝင်တစားကြည့်ရှုကြပြီး နိုင်ငံနဲ့လူမျိုးကို ချစ်ခင်တဲ့စိတ်တွေ မွေးဖွားလာကြပါမယ်။ စိတ်ဓာတ်ခွန်အားတွေ ထည့်ပေးလိုက်နိုင်တဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်။ အားသွန်ခွန်စိုက် ကြိုးစားလုပ်ဆောင်နေကြတဲ့ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်က ဝန်ထမ်းတွေကို မြင်ရတာလည်း ဝမ်းသာအားရရှိလှပါတယ်။ မပြည့်စုံမှုတွေ ကြားကနေ တာဝန်တွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြတဲ့အတွက် နိုင်ငံအတွက် အားတက်မိပါတယ်။

### နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုမှာဖြစ်

ဒီနေ့အချိန်မှာ လူငယ်တွေ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးသွားကြတာကို တွေ့မြင်နေရပါတယ်။ ပျက်စီးမှုတွေ ပြန်လည်ပြုပြင်ဖို့ တစ်ဦးတစ်ယောက်တည်းဆောင်ရွက်လို့ မရဘဲ တတ်သိနားလည် လုပ်ဆောင်နိုင်တဲ့လူတွေအားလုံးပါဝင်ဆောင်ရွက်ကြမှ ဆုံးရှုံးမှုတွေကို အဖတ်ဆယ်နိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။

အသိပညာခိုင်မာတဲ့ နိုင်ငံနဲ့လူမျိုးကိုချစ်တဲ့ မျိုးဆက်သစ်လူငယ်တွေကို ပြုစုပျိုးထောင်ပေးလိုက်ခြင်းဟာ အမိနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိ အခွန့်ရှည်တည်တံ့အောင် ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲတွေက အမြော်အမြင်ကြီးစွာနဲ့ လူငယ်များဘဝ တိုးတက်မြင့်တင်ရေးလုပ်ငန်းစဉ်တွေကို လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေကိုယ်တိုင်နဲ့ မိဘတွေအပါအဝင် တတ်သိပညာရှင်တွေအားလုံးက နိုင်ငံတော်ကို တကယ်ချစ်တယ်ဆိုရင် လူငယ်တွေ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ကြရင်း နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးရေးကို အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်လုပ်ဆောင်အားဖြည့်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါရစေရှင်။ ။

# မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မော်တောင် စက်တင်ဘာ ၁၃**

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၁ ဒေါ်လာသန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၆၅ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၇၅ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ အဓိက တင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၅၂ ဒသမ ၁ တန်၊ ရွှံ့ကဏန်း (အရှင်) သုည ဒသမ ၄၅ တန်၊ ချင်းခရု (အရှင်) သုည ဒသမ ၇ တန်၊ ကဏန်း (အသေ) ၇ ဒသမ ၄ တန်၊ ရေခူဆားနယ် ၉ ဒသမ ၁ တန်၊ ကျောက်ပုစွန် (အရှင်) သုည ဒသမ ၄၅ တန်၊ ငှက်ပျောသီး တန် ၄၀ နှင့် ငရုတ်သီးစိမ်း တစ်တန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး သုံးတန်၊ ကြွေပြား ၈၀၀ စတုရန်းမီတာနှင့် ပုစွန်သားပေါက်ကောင်ရေ ငါးသိန်းတို့ဖြစ်သည်။

စက်တင်ဘာ ၁၂ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၂၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၈ ဒသမ ၀၄ ကျပ်ခန့်ရှိကြောင်း သိရသည်။

❖



# သဲကုန်းမြို့နယ်၌ တောင်သူများ နှမ်းနက်သီးနှံကို ပိုမိုစိုက်ပျိုး

**သဲကုန်း စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် နှမ်းသီးနှံကို နွေရာသီနှင့် ဆောင်းရာသီတွင် အဓိက စိုက်ပျိုးလျက်ရှိပြီး မိုးကြိုကာလတွင် မိုးနှမ်းများကို စိုက်ပျိုးကြရာ မျိုးအနေဖြင့် နှမ်းနက်ကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။ သဲကုန်းမြို့နယ်တွင် လက်ရှိ နှမ်းစိုက်ဧက ၃၆၈ ဧကကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် နှမ်းသီးနှံ များ ရိတ်သိမ်းလျက်ရှိကြောင်း၊ နှမ်းစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုး၊ ရိတ်ခြွေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအပါအဝင် စုစုပေါင်းကုန်ကျစရိတ် ကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧက အထွက်နှုန်းအနေဖြင့် ရှစ်တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်ရှိပေါက်ဈေးမှာ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၂၀၀၀၀ ရရှိရာ ဝင်ငွေအနေဖြင့် ကျပ် ၉၆၀၀၀၀ ခန့်ရရှိကြောင်း၊ တစ်ဧကအကျိုးအမြတ်မှာ ကျပ် ၅၁၀၀၀၀ ခန့် ရရှိကြောင်း သိရသည်။

# ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

**ရွှေဘို စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များ၌ စက်တင်ဘာလ ပထမပတ်တွင် စပါး/ဆန် ဈေးနှုန်းများ တည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် ဩဂုတ်လနောက်ဆုံးပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၁၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၂၄၀၀၊ နေပြည်တော်သို့အိတ်ရေ ၅၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၃၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၄၆၀၀၀၊ တန်အားဖြင့် တန် ၂၃၀၀ စီးထွက်ခဲ့ပြီး စက်တင်ဘာလ ပထမပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၇၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၈၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၄၅၀၀ ၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်းအိတ်ရေ ၆၁၅၀၀၊ တန်အားဖြင့် ၃၀၇၅ တန် စီးထွက်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ ပထမပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ၊ ရေမာင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၈၀၀၀၊ ရွှေဝါထွန်း(နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀ နှင့် ရွှေဝါထွန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

# တာချီလိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် စက်တင်ဘာ ၁၃**

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၉၉၃ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၁၅၆ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၁၅၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ပို့ကုန်တင်ပို့မှုအနေဖြင့် ကြက်သွန်ဖြူ တန်ချိန် ၄၇ ဒသမ ၅ တန်၊ ကော်ဖီစေ့ ၁၇ တန်၊ ကတ်ထူစက္ကူ အဟောင်း တန်ချိန် ၃၆ တန် တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်အနေဖြင့် စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ဖြစ်ပြီး ဒီဇယ် ၂၆၂ BBL၊ ဓာတ်ဆီ ၅၉၈ BBL၊ ဘိလပ်မြေ တန် ၃၆၀၊ မီးခံအုတ် ၃၅ တန်၊ ကွန်ကရစ်အမိုးပြား ၇ ဒသမ ၅၅၀ တန်၊ မှန်ချပ် ၁၀၀၀ စတုရန်းမီတာနှင့် အခြားပစ္စည်းများ တင်သွင်းနိုင်ခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် မြန်မာကျပ်ငွေ တစ်သိန်းလျှင် ၁၀၁၀ ဘတ် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

# မုံရွာမြို့နယ်ရှိ ငရုတ်သီးခြောက်ဈေးကွက်

**မုံရွာ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်တဲ၊ ကျောက်ခွက်၊ ဘုမ္မနိုး၊ ထနောင်းတော၊ မြေနဲ၊ ဆည်ကြီးတော၊ သစ်ညိုပင်ကျေးရွာများတွင် စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ငရုတ်သီးကို ဒေသတွင်း လက်လီ/ လက်ကားသမားများဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရသည်။

ငရုတ်သီးခြောက်ကို မုံရွာမြို့ရှိ ပွဲရုံများမှတစ်ဆင့် ဈေးများ၊ ကုန်စုံဆိုင်များ၊ ကျေးရွာများသို့ လက်လီ/ လက်ကား ရောင်းချကြောင်း၊ မုံရွာမြို့နယ်မှ ထွက်ရှိသော မိုးမျှော်ငရုတ်သီးခြောက် ဈေးနှုန်းများမှာ လက်ရှိအချိန်တွင် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀၊ လက်လီဈေး တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀-၂၁၀၀၀ နှုန်းဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းနှင့် မုံရွာမြို့နယ်ထွက် ငရုတ်သီးခြောက်များ ဈေးကောင်း ရရှိနေသည့်အတွက် ငရုတ်သီးနှံ စိုက်ပျိုးသူတောင်သူများလည်း အကျိုးအမြတ်များ ရရှိကာ အဆင်ပြေနေကြောင်း သိရသည်။



**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

## ၁၃- ၉-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၈၅၀၀ | ၉၅၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၆၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၅၆၀၀ | ၂၁၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၄၆၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၅၆၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၄၉၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၉၇၀၀ | ၉၃၀၀ | ၄၈၀၀ | ၈၃၀၀ | ၈၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၃၈၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၇၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၁၅၀၀၀ | ၅၁၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၉၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၉၅၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၃၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၅၀၀ | ၄၀၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၅၆၅၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၉၃၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၃၅၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀ | ၈၀၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
